# သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့်သက်သာချောင်ချိရေး) အက်ဥပဒေ။

**[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၁။]**

**၁၃၁၃ ခု၊ တန်းခူးလဆုတ် ၂ ရက်။**

**( ၁၉၅၁ ခု၊ ဧပြီလ ၂၃ ရက်။)**

**[ ပြင်ဆင် : 22.10.1951, 08.10.1953 ]**

Myanmar Law Information System (MLIS)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

## စကားချီး။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ရေနံမြေ (အလုပ်သမားများနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ ဟူ၍ခေါ်ရမည်။

အမည်၊ တည်ရာနယ်အဝန်းနှင့် အာဏာတည်သည့်နေ့။

(၂) ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝန်းလုံးနှင့်သက်ဆိုင်ရမည်။

(၃) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့၌ အာဏာတည်ရမည်။

အဓိပ္ပါယ်ဖော်ပြချက်များ။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်-

(က) **"ကလေး"** ဆိုသည်မှာ အသက် ဆယ့်ငါးနှစ် မပြည့်သေးသူကို ဆိုလိုသည်။

(ခ) **"လူရွယ်"** ဆိုသည်မှာ၊ အသက် ဆယ့်ငါးနှစ် ပြည့်ပြီးဖြစ်လျက်၊ အသက် ၁၈ နှစ်မပြည့်သေးသူကို ဆိုလိုသည်။

(ဂ) **"လူငယ်"** ဆိုသည်မှာ၊ "ကလေး" နှင့် "လူရွယ်" ကိုဆိုလိုသည်။

(ဃ) **"လူကြီး"** ဆိုသည်မှာ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူကိုဆိုလိုသည်။

(င) **"နေ့" သို့တည်းမဟုတ် "ရက်"** ဆိုသည်မှာ၊ ညဉ့်သန်းခေါင်ချိန်မှစ၍ရေတွက်သော ၂၄ နာရီကာလ အပိုင်းအခြားကိုဆိုလိုသည်။

(စ) **"ရက်သတ္တပတ်"** ဆိုသည်မှာ၊ စနေနေ့ ညဉ့်သန်းခေါင် ချိန်မှစ၍ ရေတွက်သော ခုနှစ်ရက်ကာလ အပိုင်းအခြားကိုဆိုလိုသည်။

(ဆ) **"အား"** ဆိုသည်မှာ၊ လျှပ်စစ်ဓါတ်အားကိုသော်၎င်း၊ လူ၊ သို့တည်းမဟုတ် တိရစ္ဆာန်ကို အသုံးပြု ခြင်းဖြင့် ဖြစ်ပွါးစေသည့်အားမဟုတ်ဘဲ၊ စက်ကိရိယာဖြင့်ဖြစ်ပွါးစေသည့်၊ သို့တည်းမဟုတ် ပေးပို့သည့် အခြားအားတမျိုးမျိုးကိုသော်၎င်း၊ ဆိုလိုသည်။

(ဇ) **"အားပေးစက်"** ဆိုသည်မှာ၊အားဖြစ်ပွါးစေသော၊ သို့တည်းမဟုတ် အခြားနည်းဖြင့် အားပေးသော အင်ဂျင်စက်၊မော်တော်စက်၊ သို့တည်းမဟုတ် အခြားစက်ကိရိယာကိုဆိုလိုသည်။

(ဈ) **"အားပို့စက်ကိရိယာ"** ဆိုသည်မှာ၊ဝင်ရိုး၊ ဘီး၊ ဒရမ်(drum)၊ ပူလီ၊ ပူလီသေနှင့် ပူလီရှင် (system of fast and loose pulleys)၊ ကပ္ပလင် (coupling)၊ ကလတ် (clutch) သားရေပတ်ကြိုး (belt)၊ သို့ တည်းမဟုတ် အခြားကြံစည်ပြုလုပ်ထားသည့် ကိရိယာကိုဆိုလိုသည်။ အားပေးစက်မှ အားကိုအခြား စက်ကိရိယာသို့ပေးပို့သည့်၊ သို့တည်းမဟုတ် အခြားစက်ကိရိယာများကခံယူသည့် ကိရိယာကိုဆိုလို သည်။

(ည) **"ရေနံအလုပ်သမား"** ဆိုသည်မှာ ကြော်ငြာထားသည့် ရေနံမြေ၌ရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ထုတ်လုပ်မှုတွင်ဖြစ်စေ၊ ရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ထုတ်လုပ်မှုအတွက်အသုံးပြုသည့် စက်ကိရိယာ၏၊ သို့တည်းမဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတခုခုကိုစင်ကြယ်အောင်တိုက်ချွတ် ရာတွင်ဖြစ်စေ၊ ရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ထုတ်လုပ်မှုနှင့် စပ်လျဉ်းသော၊ သို့တည်းမဟုတ် သက်ဆိုင်သော အခြားအလုပ်အကိုင်တခုခုတွင်ဖြစ်စေ၊ အခနှင့်သော်၎င်း၊ အခမဲ့သော်၎င်း၊ တိုက်ရိုက်ခိုင်း စေခံရသော၊ သို့တည်းမဟုတ် ကိုယ်စားလှယ်မှတဆင့်ခိုင်းစေခံရသောသူကိုဆိုလိုသည်။

သို့ရာတွင် စာရေးစာချီ အလုပ်သက်သက်လုပ်ကိုင်သူနှင့် အလုပ်ရုံများ အက်ဥပဒတွင်၊ အဓိပ္ပါယ်ဖေါ်ပြ လျက် အကျုံးဝင်သည့် အလုပ်သမားမျိုးကိုမဆိုလို။

(ဋ) **"အသိအမှတ်ပြုသာမန် အလုပ်ပိတ်ရက်"** ဆိုသည်မှာ၊ အလုပ်သမား အားလုံးအတွက်ဖြစ်စေ၊ သီးခြားဖြစ်သော အလုပ်သမားအတန်းအစား၊ သို့တည်းမဟုတ် အမျိုးအစားအတွက်ဖြစ်စေ၊ ဆိုင်ရာ အလုပ်ရှင်များနှင့် အလုပ်သမားတို့ထုံးစံအားဖြင့်သော်၎င်း၊ သဘောတူစာချုပ်ချုပ်ဆိုခြင်းဖြင့် သော်၎င်း၊ သာမန်အလုပ်ပိတ်ရက်ဖြစ်သည်ဟုသဘောတူသည့် (တနင်္ဂနွေနေ့မှတပါးအခြား) နေ့တနေ့နေ့ကိုဆိုလို သည်။

(ဌ) တနေ့တည်းတွင် တမျိုးတည်းသော အလုပ်ကို အလုပ်သမားစုနှစ်စုဖြစ်စေ၊ နှစ်စုထက်ပို၍ဖြစ်စေ၊ ကာလခွဲခြား၍လုပ်ကိုင်လျှင်၊ ယင်းသို့သော အလုပ်သမားစုအသီးသီးကို **"အလှည့်ကျလူစု"** ဟုခေါ် သည်။ ထို့ပြင် ထိုအလှည့်ကျလူစုလုပ်ကိုင်သည့် ကာလအပိုင်းအခြားကို၊ သို့တည်းမဟုတ် ကာလ အပိုင်းအခြားများကို "အလှည့်"ဟုခေါ်သည်။

(ဍ) **"ပြဋ္ဌာန်းသည့်"** ဆိုသည်မှာ၊ ဤအက်ဥပဒေအရနိုင်ငံတော်သမတပြုလုပ်သည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည်ကိုဆိုလိုသည်။

(ဎ) **"ကြော်ငြာထားသည့် ရေနံမြေ"** ဆိုသည်မှာ၊ ရေနံမြေအက်ဥပဒေပုဒ်မ ၃ အရ၊ကြော်ငြာထားသည့် ရေနံမြေဖြစ်ကြောင်း သတ်မှတ်ထားသောဒေသကိုဆိုလိုသည်။

(ဏ) **"ရေနံ"** ဆိုသည်မှာ၊ သဘာဝရေနံကိုဆိုလိုသည်။ထိုစကားရပ်တွင် ရေနံစိမ်း၊ အကြွင်းမဲ့ဖြစ်စေ၊ အချို့အဝက်ဖြစ်စေ၊ ချေးချွတ်ပြီးရေနံနှင့်ရေနံမှထွက်သော မည်သည့် အရည်၊ သို့တည်းမဟုတ် အခဲမဆိုပါဝင်သည်။

(တ) **"အလုပ်ရှင်"** ဆိုသည်မှာ၊ ရေနံတူးဖေါ်ရန်မြေငှါးကို၊ သို့တည်းမဟုတ် ရှာဖွေခွင့်လိုင် စင်ကို၊ သို့တည်းမဟုတ် တူးဖေါ်ရန်ဂရံကိုဖြစ်စေ၊ ထိုမြေငှါးမှ၊ သို့တည်းမဟုတ် လိုင်စင်မှ၊ သို့တည်း မဟုတ် ဂရံမှဆင်းသက်သည့်

Myanmar Law Information System (MLIS)

တဆင့်အငှါးတခုခုကိုဖြစ်စေ၊ ထိုမြေငှါး၍၊ သို့တည်းမဟုတ် ရှာဖွေ ခွင့်လိုင်စင်၍၊ သို့တည်းမဟုတ် ဂရံ၌ရှိသော အကျိုးသက်ဆိုင်ခွင့်တခုခုကိုဖြစ်စေ၊ လက်ရှိဖြစ်သူ မည်သူကိုမဆို ဆိုလိုသည့် အပြင်၊ ထိုရေနံ၊ သို့တည်းမဟုတ် ရေနံဓါတ်ငွေ့ရယူသည့်အလုပ်ကို ကြီးကြပ်လုပ်ကိုင်သူ မည်သူ့ကိုမဆို ဆိုလိုသည်။

သို့ရာတွင် အလုပ်ရှင်၏လုပ်ငန်းဆောင်တာများကို ပုဒ်မ ၇၀ အရ၊ ခန့်ထားသည့် ကြီးကြပ်လုပ်ကိုင်သောကိုယ်စားလှယ်အား၊ သို့တည်းမဟုတ် အခြားသူအားလွဲအပ်လျက်၊ ယင်းသို့ခန့်ထားသည်ကို အင်စပက်တော်အား ကြိုတင်အကြောင်းကြားထားပြီးဖြစ်လျှင်၊ ထိုကိုယ်စားလှယ်သည်၊ သို့တည်း မဟုတ် အခြားသူသည် အလုပ်ရှင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ထ) “ရေနံဝန်နှင့်လက်ထောက်ရေနံဝန်” ဆိုသည်မှာ၊ ရေနံမြေအက်ဥပဒေပုဒ်မ ၄ အရ၊ ခန့်အပ်ထား သည့် ရေနံဝန်နှင့်လက်ထောက်ရေနံဝန်များကိုဆိုလိုသည်။

<ပြင်ဆင် 08.10.1953>

အချိန်နာရီ ရည်ညွှန်းချက်များ။

၃။ ။ ဤအက်ဥပဒေ၌ အချိန်နာရီကိုရည်ညွှန်းလျှင်၊ မြန်မာနိုင်ငံတော် စံတော်ချိန်ကိုရည်ညွှန်းသည်။

## အခန်း ၂။

## ကြည့်ရှုစစ်ဆေးသည့်ရာထမ်းမှုထမ်းအဖွဲ့။

၄။ ။ (၁) နိုင်ငံတော် သမတသည် အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍၊ မိမိသင့်တော်သည် ထင်မြင်သူ ကို၊ ထိုသူအတွက် မိမိသင့်တော်သည်ထင်မြင်သည့် နယ်နိမိတ်သတ်မှတ်၍ ဤအက်ဥပဒေအလို့ငှါ အင်စပက်တော်အဖြစ်ခန့်ထားနိုင်သည်။

(၂) နိုင်ငံတော်သမတသည် အမိန့်ကြော်ငြာစာထုတ်ပြန်ကျေညာ၍ မိမိသင့်တော်သည်ထင်မြင်သူကို အင်စပက်တော်ချုပ်အဖြစ် ခန့်ထားနိုင်သည်။ ထိုအင်စပက်တော်ချုပ်သည် ဤအက်ဥပဒေအရ အင်စပက်တော်ချုပ်အားအပ်နှင်းသည့် အာဏာများအဖြစ်အင်စပက်တော်၏ အာဏာများကိုလည်း သုံးစွဲဆောင် ရွက်ရမည်။

(၃) အင်စပက်တော်သည် ဤအက်ဥပဒေပါ ကိစ္စများလုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်သည် ထင်မြင်သည့် အတိုင်း၊ အဆောက်အအုံကိုကြည့်ရှု စစ်ဆေးခြင်း၊ ပြဋ္ဌာန်းထားသည့်မှတ်ပုံတင်စာအုပ်များနှင့်တကွ ကြော်ငြာထားသည့် ရေနံမြေနှင့်သက်ဆိုင်သော အခြားစာချုပ်စာတမ်းများကို ထုတ်ပြစေခြင်းပြုနိုင် သည့်အပြင်၊ ထိုနေရာတွင်ပင်ဖြစ်စေ၊ အခြားတနည်းနည်းနှင့်ဖြစ်စေ (လိုအပ်သည်ထင်မြင်သည့်) မည်သူ့ သက်သေခံချက်ကိုမဆို ရေးမှတ်ယူနိုင်သည်။ ထို့ပြင် အင်စပက်တော်သည် ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အတွက် ပြဋ္ဌာန်းသည့်အခြားအာဏာများကိုလည်းသုံးစွဲနိုင်သည်။

သို့ရာတွင် ရာဇဝတ်ပြစ်ဒဏ် မိမိအားထိုက်သင့်စေနိုင်သည့်အဖြေကိုပေးရမည်ဟူ၍သော်၎င်း၊ ရာဇဝတ် ပြစ်ဒဏ် မိမိအားထိုက်သင့်စေနိုင်သည့် သက်သေခံချက်ကို ထွက်ဆိုရမည်ဟူ၍သော်၎င်း၊ မည်သူ့ကိုမျှ ဤပုဒ်မအရ တောင်းဆိုပိုင်ခွင့်မရှိစေရ။



Myanmar Law Information System (MLIS)

(၄) ကြော်ငြာထားသည့်ရေနံမြေတွင်ဖြစ်စေ၊ ထိုကြော်ငြာထားသည့်ရေနံမြေအတွင်း လုပ်ကိုင်သည့် ရေနံ ထုတ်လုပ်ငန်းတွင်ဖြစ်စေ၊ ထိုလုပ်ငန်းနှင့် သက်ဆိုင်သည့် မှတ်ပုံတင် မူပိုင်ခွင့်လက်မှတ်၊ သို့တည်းမဟုတ် စက်ကိရိယာတွင် ဖြစ်စေ၊ အခြားစီးပွါးရေးလုပ်ငန်းတခုခုတွင်ဖြစ်စေ၊ တိုက်ရိုက် သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ အကျိုးသက်ဆိုင်သူ၊ သို့တည်းမဟုတ် အကျိုးသက်ဆိုင်လာသူမည်သူ ကိုမျှ၊ ဤအက်ဥပဒေ အာဏာတည်ပြီးနောက်၊ အင်စပက်တော်ချုပ်ဖြစ်စေ၊ အင်စပက်တော်ဖြစ်စေ မခန့်ရ။ ခန့်ပြီးလျှင်လည်း၊ ထိုရာထူးလက်ရှိနှင့်ဆက်လက်၍မနေစေရ။

တာ၀န်ခံလက်မှတ်ပေးသည့်ဆရာ၀န်များ။

၅။ ။ (၁) နိုင်ငံတော်သမတသည်၊ မိမိသင့်မည်ထင်မြင်သည့် မှတ်ပုံ၀င်ဆရာ၀န်တို့ကို ထိုသူတို့အသီး သီးအတွက် နယ်နိမိတ်အသီးသီးသတ်မှတ်၍သော်၎င်း၊ ကြော်ငြာထားသည့်ရေနံမြေကို သတ်မှတ်၍သော် ၎င်း၊ ဤအက်ဥပဒေကိစ္စများအလို့ငှါ တာ၀န်ခံလက်မှတ်ပေးသည့်ဆရာ၀န်များအဖြစ်ခန့်ထားနိုင်သည်။

(၂) တာ၀န်ခံလက်မှတ်ပေးသည့် ဆရာ၀န်သည်၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် မှတ်ပုံ၀င် ဆရာ၀န်တဦးတယောက်ကို မိမိသတ်မှတ်သည့် ကာလအပိုင်းအခြားအတွင်း၊ နိုင်ငံတော်သမ တကသင့် သည်ထင်မြင်သည့်အတိုင်း သတ်မှတ်သည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ဤ အက်ဥပဒေအရ မိမိ၏အာဏာများကို သုံးစွဲခွင့်ပြုနိုင်သည်၊ ထို့ပြင်ဤအက်ဥပဒေတွင် တာ၀န်ခံ လက် မှတ် ပေးသည့်ဆရာ ၀န်ကို ရည်ညွှန်းသည့်အခါတိုင်း၊ ယင်းကဲ့သို့အာဏာအပ်နှင်းထားသည့် မှတ်ပုံ၀င် ဆရာ၀န်ကိုလည်း ရည်ညွှန်းသည်ဟုမှတ်ယူရမည်။

ထို့ပြင် ဤအက်ဥပဒေတွင် တာ၀န်ခံလက်မှတ်ပေးသည့် ဆရာ၀န်ကို ရည်ညွှန်းသည့်အခါတိုင်း၊ ယင်းကဲ့သို့ အာဏာအပ်နှင်းထားသည့် မှတ်ပုံ၀င်ဆရာ၀န်ကိုလည်း ရည်ညွှန်းသည်ဟုမှတ်ယူရမည်။

(၃) ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာအလုပ်ရှင်ဖြစ်သူ၊ သို့တည်းမဟုတ် အလုပ်ရှင်ဖြစ်လာသူကို သော်၎င်း၊ ထိုကြော်ငြာထားသည့် ရေနံမြေတွင်ဖြစ်စေ၊ ထိုကြော်ငြာထားသည့်ရေနံမြေအတွင်း ကုန်ထုတ် လုပ်ငန်း၊ သို့တည်းမဟုတ် စီးပွါးရေးလုပ်ငန်းတွင်ဖြစ်စေ၊ ထိုလုပ်ငန်းနှင့်သက်ဆိုင်သည့် မှတ်ပုံတင် မူပိုင်ခွင့်လက်မှတ်၊ သို့တည်းမ ဟုတ်စက်ကိရိယာတွင်ဖြစ်စေ၊ တိုက်ရိုက်၊ သို့တည်းမဟုတ် သွယ်ဝိုက်၍ အကျိုးသက်ဆိုင်သူကိုသော်၎င်း၊ ထိုကြော်ငြာထားသည့်ရေနံမြေတွင် အခြားနည်းဖြင့်ခိုင်း စေထားသူကို သော်၎င်း၊ တာ၀န်ခံလက်မှတ်ပေးသည့်ဆရာ၀န်အဖြစ် မခန့်ထားရ။ သို့တည်းမဟုတ် တာ၀န်ခံ လက်မှတ်ပေးသည့်ဆရာ၀န်၏ အာဏာများသုံးစွဲခွင့်မပြုရ။ ခန့်ထားပြီးဖြစ်လျှင်လည်း၊ တာ၀န်ခံလက် မှတ်ပေးသည့် ဆရာ၀န်၏ အာဏာများကို ဆက်လက်သုံးစွဲခွင့်မပြုရ။

(၄) တာ၀န်ခံလက်မှတ်ပေးသည့်ဆရာ၀န်သည် အောက်ပါ ကိစ္စများနှင့်စပ်လျဉ်း၍ ပြဌာန်းသည့်တာ၀န် ၀တ်တရားများကိုဆောင်ရွက်ရမည်-

(က) ဤအက်ဥပဒေအရ၊ လူငယ်များကို စစ်ဆေးခြင်းနှင့်တာ၀န်ခံလက်မှတ်ပေးခြင်း။



Myanmar Law Information System (MLIS)

(ခ) ကြော်ငြာထားသည့် ရေနံမြေတွင် ပြဋ္ဌာန်းသည့် ဘေးအန္တရာယ်ဖြစ်စေနိုင်သောအလုပ်၊ သို့တည်းမ ဟုတ် လုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်နေသူများကို စစ်ဆေးခြင်း။

(ဂ) ကြော်ငြာထားသည့်ရေနံမြေတခုခုတွင် သော်၎င်း၊ အလုပ်သမားအမျိုးအစားအတွက်သော်၎င်း_

(၁) လုပ်ရသည့် လုပ်ငန်းကြောင့်ဖြစ်စေ၊ အလုပ်ခွင်အခြေအနေကြောင့်ဖြစ်စေ၊ ဖြစ်ပွါးသည်ဟုယုံကြည် ရသောရောဂါဖြစ်ပေါ်ခဲ့သော်၊

(၂) လုပ်ငန်း၊ သို့တည်းမဟုတ် ထိုလုပ်ငန်းတွင် အသုံးပြုသည့် ပစ္စည်းပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ် ငန်းသစ်၊ သို့တည်းမဟုတ် လုပ်ငန်းအတွက်ပစ္စည်းသစ်ကို အသုံးပြုမှုကြောင့်ဖြစ်စေ၊ ထိုလုပ်ငန်းတွင် လုပ်ရသည့် ရေနံ အလုပ်သမားများ၏ ကျန်းမာရေးကို ထိခိုက်ဘွယ်ရာရှိခဲ့သော်၊

(၃) လူငယ်များ၏ ကျန်းမာရေးကို ထိခိုက်ဘွယ်ရာရှိသည့်အလုပ်တွင် လူငယ်များကို ခိုင်းစေသော်၊ သို့တည်းမဟုတ် ခိုင်းစေရန်အကြောင်းရှိသော်၊

ပြဋ္ဌာန်းသည့်အတိုင်း ကျန်းမာရေးနှင့်ညီညွတ်စေရန် ကြပ်မတ်ကြည့်ရှုခြင်း။

**ရှင်းလင်းချက်။** ။ ဤပုဒ်မတွင် "မှတ်ပုံ ဝင်ဆရာဝန်" ဆိုသည်မှာ၊ မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပ ဒေအရဖြစ်စေ၊ ဆရာဝန်များ၏ မှတ်ပုံတင်စာအုပ်ထားရန် ပြဋ္ဌာန်းသည့် တည်ဆဲဥပဒေတရပ် ရပ်အရဖြစ်စေ၊ မှတ်ပုံတင်ထားသူ မည်သူကိုမဆို ဆိုလိုသည့်အပြင်၊ ထိုစကားရပ်တွင် ထိုကဲ့သို့သော မှတ်ပုံတင် စာအုပ်မျိုးမထားသည့် အရပ်ဒေသတခုခုအတွင်း ဤပုဒ်မအလို့ငှါ မှတ်ပုံဝင်ဆရာဝန်ဖြစ် သည်ဟု နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသူလည်းပါဝင်သည်။

<ပြင်ဆင် 08.10.1953>

**အခန်း ၃။**

**ကျန်းမာရေး။**

သောက်ရေ။

၆။ ။ (၁) ကြော်ငြာထားသည့်ရေနံမြေတိုင်းတွင် သင့်တော်၍ အသွားအလာလွယ်ကူသော နေရာများ၌ အ လုပ်သမား အားလုံးအတွက် သန့်ရှင်းစင်ကြယ်သောသောက်ရေကို လုံလောက်စွာထားရှိရန် အလုပ်ရှင်က ထိရောက်စွာ စီမံဆောင်ရွက်ပေးရမည်။

(၂) ရေးထားပေးသော နေရာအားလုံးကို ပြီသသောစာလုံးများဖြင့် "သောက်ရေ"ဟု ရေးမှတ်ထားရ မည့်အပြင်၊ ထိုနေရာများကို အဝတ်လျှော်ဖွပ်ရာအရပ်၊ အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန်နေရာ မှ ပေ၅၀ ဆယ်အတွင်းမထားရှိစေရ။

(၃)သောက်ရေပေးရာ၌ ပြည်သူ့ကျန်းမာရေး အာဏာပိုင်များက စစ်ဆေးရန် နည်းလမ်းများကို၎င်း၊ ကြော်ငြာထားသည့် ရေနံမြေ၊ သို့တည်းမဟုတ် ကြော်ငြာထားသည့် ရေနံမြေ တစိတ်တဒေသကို သန့်ရှင်း စင်ကြယ်သော သောက်ရေပေးရန် အခြားလိုအပ်သည့် အချက်များကို၎င်း နိုင်ငံတော်သမတက ပြဋ္ဌာန်း နိုင်သည်။

<ပြင်ဆင် 08.10.1953>

အိမ်သာများ နှင့်ကျင်ငယ်စွန့်ရန်နေရာများ။

၇။ ။ (၁) ကြေငြာထားသည့်ရေနံမြေအသီးသီးတွင်-

(က) အလုပ်သမားများ အချိန်မရွေး လွယ်ကူစွာသွားလာနိုင်သည့် နေရာများ၌အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများကို သတ်မှတ်သော ပုံစံအတိုင်း လုံလောက်စွာထားရှိရမည်။

(ခ) မိန်းမရေနံအလုပ်သမားများအတွက် အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများကို ယောက်ျား ရေနံအလုပ်သမားများအတွက် ထားရှိသောအိမ်သာများနှင့် ကျင်ငယ်စွန့်ရန် နေရာများမှ သီးခြားစီမံ ထားပေးရမည်။

(ဂ) ထိုအိမ်သာများ၏ အဝင်ဝတွင်ယောကျ်ားသွားရန်၊ သို့တည်းမဟုတ် မိန်းမသွားရန်ဟု သက်ဆိုင်ရာ စာတမ်းကိုဖြစ်စေ၊ အမှတ်အသားကိုဖြစ်စေ၊ ထင်ရှားအောင် ကပ်ထားရမည်။

(ဃ) အိမ်သာများနှင့် ကျင်ငယ်စွန့်ရန်နေရာများကို အလင်းရောင်နှင့်လေလုံလောက်စွာ ရရှိရန်စီမံထား ရှိရမည်။ မည်သည့်အိမ်သာ၊ သို့တည်းမဟုတ် ကျင်ငယ်စွန့်ရန်နေရာကိုမျှကြားနေရာလပ် သို့တည်း မဟုတ် လေဝင်လေထွက်နိုင်သော လမ်းမရှိဘဲ အလုပ်ခန်းနှင့် ဆက်သွယ်၍မထားရ။

(င) အိမ်သာနှင့် ကျင်ငယ်စွန့်ရန်နေရာများကို မည်သည့်အချိန်၌မဆို သန့်ရှင်းစင်ကြယ်၍၊ ကျန်းမာ ရေးနှင့်ညီညွတ်သော အခြေအနေတွင်ထားရှိရမည်။

(စ) တံမြက်လှည်းသူများထားရှိရမည်။ ထိုတံမြက်လှည်းသူများ၏ အဓိကအလုပ်ဝတ်တရားမှာ၊ အိမ် သာများ၊ ကျင်ငယ်စွန့်ရန် နေရာများနှင့်လျှော်ဖွပ်ရန် နေရာများကိုသန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ရန် ပင်ဖြစ်သည်။

(၂) အင်စပက်တော်သည်၊ ကြေငြာထားသည့် ရေနံမြေတိုင်းတွင် သာမန်ခိုင်းစေထားသော ယောကျ်ား ရေနံအလုပ်သမားနှင့် မိန်းမရေနံအလုပ်သမားတို့၏ အရေအတွက် အချိုးအစားကိုလိုက်၍ အိမ်သာ နှင့် ကျင်ငယ်စွန့်ရန် နေရာအရေအတွက်ကိုသတ်မှတ်နိုင်သည့်ပြင်၊ ထိုရေနံမြေအတွင်း ခိုင်းစေထားသော ရေနံအလုပ်သမားတို့၏ ကျန်းမာရေးအတွက်လိုအပ်မည်ဟု မိမိယူဆသော သန့်ရှင်းစင်ကြယ်ရေး နှင့်စပ်လျဉ်း၍ ရေနံအလုပ်သမားတို့၏ တာဝန်ဝတ်တရားနှင့်တကွ၊ အခြားကိစ္စများအတွက်လည်း စီမံပေးနိုင်ခွင့်ရှိသည်။

## အခန်း ၄။

## ဘေးရန်ကင်းရှင်းမှု။

စက်ကိရိယာများကို ကာရံထားခြင်း။

၈။ ။ (၁) ကြေငြာထားသည့်ရေနံမြေအသီးသီးတွင် အောက်ပါစက်ကိရိယာများကို ထိုစက်ကိရိယာများ လည်နေစဉ်၊ သို့တည်းမဟုတ် ထိုစက်ကိရိယာများကို အသုံးပြုနေစဉ် အခိုင်အခံ့ဆောက်လုပ်ထားသည့် အကာအရံများဖြင့် လုံခြုံစွာ ကာရံထားရမည့်ပြင်၊ ထိုအကာအရံများကို အစဉ်အမြဲပြုပြင်၍နေရာတ ကျထားရှိရမည်။

(က) အားပေးစက်များ-



Myanmar Law Information System (MLIS)

(၁) အားပေးစက်၏ လှုပ်ရှားနေသော အစိတ်အပိုင်းနှင့် အားပေးစက်နှင့် တိုက်ရိုက်ဆက်သွယ် ထားသောအားပေးစက်ဘီး (ထိုအားပေးစက်သည်၊ သို့တည်းမဟုတ် အားပေးစက်ဘီးသည်၊ စက်ခန်း အတွင်း၌ရှိ သည်ဖြစ်စေ မရှိသည်ဖြစ်စေ)။

(၂) ရေအားဘီး(water-wheel) နှင့် ရေရဟတ်(waterturbine)၏ ရှေ့စွန်းနှင့်နောက်မြီးစွန်းများ။

(၃) လျှပ်စစ်ဂျင်နရေတာ (electric generator) ၏အစိတ်အပိုင်း၊ မော်တော်စက်၏ အစိတ်အပိုင်း အားပြောင်းလဲစက်(rotary converter)၏အစိတ်အပိုင်းအသီးသီး(အကယ်၍ ထိုအစိတ်အပိုင်းသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း၊ ကာရံထားခြင်းမရှိသော်လည်း၊ ကာရံထား ခြင်းရှိဘိသကဲ့သို့ အဆောက်အအုံတွင်ဖြစ်စေ၊ အနီးတွင်ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင်နေသူ တိုင်းအား ဘေးရန်ကင်းရှင်းစေလျှင် ကာရံထားရှိရန်မလို)။

(ခ) အားပို့စက်ကိရိယာများ-

အားပို့စက်ကိရိယာများ၏ အစိတ်အပိုင်းအသီးသီး (အကယ်၍ ထိုအစိတ်အပိုင်း အသီးသီးတည်နေ ပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း၊ ကာရံထားခြင်းမရှိသော်လည်း၊ ကာရံထားခြင်းရှိဘိ သကဲ့သို့ အဆောက်အအုံတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ခိုင်းစေခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင် နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင်၊ ကာရံထားရှိရန်မလို)။

(ဂ) အခြားစက်ကိရိယာများ-

(၁) အခြားစက်ကိရိယာများ၏ ဘေးအန္တရာယ် ဖြစ်စေတတ်သော အစိတ်အပိုင်းအသီးသီး (အကယ်၍ ထိုအစိတ်အပိုင်းသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း၊ ကာရံထားခြင်းမရှိ သော်လည်း၊ ကာရံထားခြင်းရှိဘိသကဲ့သို့ အဆောက်အအုံတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ခိုင်းစေခံ ရသူ၊ သို့တည်းမဟုတ် လုပ်ကိုင်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေလျှင်၊ ကာရံထားရှိရန်မလို)။

(၂) တွင်ခုံ၏ခေါင်းပိုင်းမှ အစွန်းထွက်နေသော ပစ္စည်း၏အစိတ်အပိုင်း။

သို့ရာတွင် အထက်ဆိုခဲ့သည့် ပုဒ်မခွဲ(၁) ၏အပိုဒ်(ခ) နှင့် (ဂ)ပါကိစ္စများအလို့ငှါ၊ အကယ်၍ စက်ကိရိ ယာအစိတ်အပိုင်းတခုသည် တည်နေပုံကြောင့်သော်၎င်း၊ တည်ထားပုံကြောင့်သော်၎င်း၊ ကာရံထားခြင်း မရှိသော်လည်း၊ ကာရံထားခြင်းရှိဘိသကဲ့သို့ အဆောက်အအုံတွင်ဖြစ်စေ၊ အနီးအနားတွင်ဖြစ်စေ ခိုင်းစေ ခံရသူ၊ သို့တည်းမဟုတ် လုပ်ကိုင်နေသူတိုင်းအား ဘေးရန်ကင်းရှင်းစေသည် မကင်းရှင်းစေသည် ဆုံးဖြတ်ရာ၌၊ ထိုစက်ကိရိယာအစိတ်အပိုင်းလည်နေစဉ်သာ၊ စစ်ဆေးရန်လိုသည့် စက်ကိရိယာစစ်ဆေး မှုကိုပြုလုပ်နေသူကိုဖြစ်စေ၊ စက်ကိရိယာအစိတ်အပိုင်း လည်နေစဉ်သာ၊ စစ်ဆေးရာ၌လိုအပ်သည်ထင် မြင်သော၊ သားရေကြိုးတပ်ဆင်ခြင်း၊ စက်ဆီထည့်ခြင်း၊ သို့တည်းမဟုတ် အခြားစက်ကိရိယာနေရာတ ကျရှိအောင် ပြင်ဆင်မှုပြုလုပ်နေသူကိုဖြစ်စေ၊ ထည့်သွင်းစဉ်းစားခြင်းမပြုရ။

ထို့ပြင်-

Myanmar Law Information System (MLIS)

(၁) စက်ကိရိယာများကို ကာရံထားရမည့် အခြားတာဝန်များအပြင် အထိန်းဝက်အူ၊ လည်သည့်ဝင်ရိုး တံ၏ သော့ချက်၊ ဝင်ရိုး၊ ဘီး၊ သို့တည်းမဟုတ် ဝင်နယံ၊ သံဆူးတက်အားလုံး၊ ဝက်အူရစ်တံ အားလုံးနှင့် အသွားတပ်ထားသည့်၊ သို့တည်းမဟုတ် ပွတ်၍လည်သည့် အခြားကိရိယာအားလုံးကို ကာရံထားခြင်း မရှိလျှင်၊ ဤပုဒ်မခွဲနှင့်သက်ဆိုင်သော အလုပ်ကိုလုပ်နေသူအား ထိခိုက်ဘွယ်အကြောင်းရှိမည်ဖြစ်၍၊ ၎င်း စက်ကိရိယာများကို လုံခြုံစွာကာရံထားရမည်၊

(၂) တသားတည်းဖြစ်အောင် ဆက်ထားသော၊ သားရေပတ်ကြိုးမှလွဲ၍အခြားသားရေပတ်ကြိုးများကို၊ လည်နေသောပူလီပေါ်တင်ခြင်း၊ သို့တည်းမဟုတ် ချခြင်းအလို့ငှါကိုင်တွယ်ခြင်းမပြုစေရ၊ ထို့ပြင်

(၃) သားရေပတ်ကြိုးတင်ခြင်း၊ ချခြင်းစသော အလုပ်လုပ်သူသည် ထိုအလုပ်အတွက် အထူးသင်ကြား ထားသော ယောကျ်ားလူကြီးရေနံအလုပ်သမားဖြစ်ရမည့်အပြင်၊ ထိုသူ့ကိုပြဋ္ဌာန်းထားသည့် ရေနံအလုပ် သမားမှတ်ပုံတင်စာအုပ်တွင် ထိုအလုပ်လုပ်သူအဖြစ် အမည်ရေးသွင်းထားရမည်။ ထို့ပြင် ထိုအလုပ်ကို လုပ်နေစဉ်၊ ထိုသူအား ကိုယ်ကြပ်အဝတ်ကိုဝတ်ဆင်စေရမည်။

(၂) နိုင်ငံတော်သမတသည်၊ စက်ကိရိယာတခုခုအတွက်၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်းတခုခုအတွက်၊ မိမိလိုအပ်သည်ထင်မြင်လျှင်၊ နောက်ထပ်ကာကွယ်ရေးစီမံချက်များကို၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။ သို့တည်းမဟုတ် စက်ကိရိယာတခုခုကိုဖြစ်စေ၊ စက်ကိရိယာ၏ အစိတ်အပိုင်းတခုခုကိုဖြစ်စေ၊ အလုပ်သမားတို့ ဘေးရန်ကင်းရှင်းရန်အတွက် လိုအပ်သည်ဟု မိမိ ထင်မြင်သော စည်းကမ်းချက် ထား၍၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) နှင့် (ဂ) ရှိပြဋ္ဌာန်းချက်များနှင့် သက်ဆိုင် ခြင်းမှ နည်းဥပဒေများဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

၉။ ။ ကြော်ငြာထားသည့်ရေနံမြေတိုင်းတွင်-

အားဖြတ်တောက်ရန်ကိရိယာများ။

(က) အားပို့စက်ကိရိယာ၏ အစိတ်အပိုင်းဖြစ်သော ပူလီရှင်မှ ပူလီသေသို့၎င်း၊ ပူလီသေမှ ပူလီရှင်သို့ ၎င်း၊ သားရေပတ်ကြိုးများရွှေ့ပြောင်းရန် သင့်တော်သောကိရိယာ၊ သို့တည်းမဟုတ် အခြားထိရောက်စွာ စီမံထားသော ကိရိယာကို အသုံးပြုရမည်။ ထို့ပြင် ဆိုခဲ့သည့်ကိရိယာများကို ပူလီသေပေါ်သို့သားရေကြိုး ပြန်၍ မရွှေ့စေရန် တနည်းနည်းအားဖြင့်စီမံထားရှိရမည်။

(ခ) သားရေပတ်ကြိုးများကို အသုံးမပြုသောအခါလည်နေသော ဝင်ရိုးပေါ်တွင် တင်မထားရ၊ သို့တည်း မဟုတ် မကျရောက်စေရ။

စက်ကိရိယာများအနီးတွင် လုပ်ရသောအလုပ်နှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များ။

၁၀။ ။(၁) မည်သည့်မိန်းမကိုမျှ၊ သို့တည်းမဟုတ် မည်သည့်ကလေးကိုမျှ စက်ကိရိယာအစိတ်အပိုင်း လည်နေစဉ်၊ ထိုအစိတ်အပိုင်းကိုတိုက်ချွတ်ရန်၊ စက်ဆီထည့်ရန်၊ သို့တည်းမဟုတ် နေရာတကျရှိအောင် ပြင်ဆင်ရန်သော်၎င်း၊ လည်နေသည့်စက်ကိရိယာ၏ လည်နေသောအစိတ်အပိုင်းစပ်ကြားတွင်၊ သို့တည်း မဟုတ် ပုံသေတပ်ထားသည့်အစိတ်အပိုင်းနှင့် လည်နေသောအစိတ်အပိုင်းစပ်ကြားတွင်၊ အလုပ်လုပ်ရန် သော်၎င်း ခွင့်မပြုရ။



Myanmar Law Information System (MLIS)

(၂) ကြေငြာထားသည့် ရေနံမြေများတွင်ဖြစ်စေ၊ ထိုရေနံမြေတစိတ်တဒေသတွင်ဖြစ်စေ၊ သီးခြားဖေါ်ပြ ထားသည့် စက်ကိရိယာအစိတ်အပိုင်းများလည်နေစဉ်၊ ထိုအစိတ်အပိုင်းများကို မည်သူမျှ တိုက်ချွတ် ခြင်း၊ စက်ဆီထည့်ခြင်း၊ သို့တည်းမဟုတ် နေရာတကျရှိအောင် ပြင်ဆင်ခြင်းမပြုရဟု နိုင်ငံတော် သမတက အမိန့်ကြေငြာစာဖြင့်တားမြစ်နိုင်သည်။

ပင့်စက် ( lift)၊ မြှောက်စက်(hoist)၊ ကရိန်း စက် (crane) နှင့်အခြားပင့်စက်များ။

၁၁။ ။ (၁)ကြေငြာထားသည့် ရေနံမြေအတွင်းရှိ မြှောက်စက် (hoist)၊ ပင့်စက်(lift) ကရိန်းစက် (crane) နှင့်အခြားပင့်စက်အားလုံးနှင့်စပ်လျဉ်း၍ အောက်ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင် ရွက်ရမည်။

(က) ပုံသေတပ်ထားသည့်၊ သို့တည်းမဟုတ် ရွေ့ပြောင်းနိုင်သည့်၊ ခုတ်မောင်းကိရိယာ(working gear) ကြိုးများနှင့် ကွင်းဆက်သံကြိုးများ၊ ဆွဲထိန်းသည့်ကိရိယာ(anchoring and fixing appliances) အမျိုးမျိုးပါဝင်သည့် ပင့်စက်အစိတ်အပိုင်းကို-

(၁) တောင့်တင်းခိုင်ခံ့သောပစ္စည်းဖြင့် ကောင်းမွန်စွာ ဆောက်လုပ်ထားရမည်။

(၂) နေရာတကျလည်းပြုပြင်ထားရှိရမည်။ ထို့ပြင် စစ်ဆေးပိုင်ခွင့်ရှိသူက ဆယ့်နှစ်လလျှင် အနည်းဆုံး တကြိမ်ကျစေ့ငသေချာစွာစစ်ဆေးရမည်။ ထိုသို့စစ်ဆေးခြင်းနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသော အကြောင်းအရာများ ရေးမှတ်ထားသည့် မှတ်ပုံတင်စာအုပ်ထားရှိရမည်။

(ခ) ဘေးရန်ကင်းရှင်းစွာ သယ်ယူနိုင်သည့် ဝန်ချိန်ထက်ပို၍ သယ်ယူရန် ထိုစက်ကိရိယာများကို အသုံးမပြုရ၊ ထိုစက်ကိရိယာပေါ်တွင် သယ်ယူနိုင်သည့်ဝန်ချိန်ကို ထင်ရှားစွာရေးသားထားရမည်။

(ဂ) ကရိန်းစက် (crane) သွားလာရာဘီးလမ်းပေါ်၌ဖြစ်စေ၊ ဘီးလမ်းအနီး၌ဖြစ်စေ၊ ခိုင်းစေခံရသူကို သော်၎င်း၊ အလုပ်လုပ်နေသူကိုသော်၎င်း၊ မည်သည့်နေရာတွင်မဆို၊ ကရိန်းစက် (crane) နှင့်ထိခိုက် ဘွယ်ရာအကြောင်းရှိလျှင်၊ ထိုနေရာမှပေနှစ်ဆယ်အတွင်းသို့ ကရိန်းစက် (crane) မရောက်နိုင်ရန် ကျနစွာစီမံ ထားရမည်။

(၂) နိုင်ငံတော်သမတသည်၊ ကြေငြာထားသည့် ရေနံမြေတွင်၊ ပင့်စက်တခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပင့်စက်အမျိုးအစားတခုခုနှင့်စပ်လျဉ်း၍ဖြစ်စေ-

(က) ဤပုဒ်မရှိ လိုအပ်ချက်များကိုဖြည့်စွက်ရန် နောက်ထပ်လိုအပ်ချက်များကိုပြဋ္ဌာန်းသည့်၊

(ခ) ဤပုဒ်မပါ လိုအပ်ချက်အားလုံး၊ သို့တည်းမဟုတ် လိုအပ်ချက်တခုခုအတိုင်း လိုက်နာဆောင်ရွက် ရန်မလိုဟုသော်၎င်း၊ မဖြစ်နိုင်ဟုသော်၎င်း ထင်မြင်သဘောရရှိလျှင်၊ ယင်းသို့ လိုက်နာဆောင်ရွက်ရခြင်း မှကင်းလွတ်ခွင့်ပြုသည့်

နည်းဥပဒေများကိုပြုလုပ်နိုင်သည်။

လည်သောစက်ကိရိယာ။

၁၂။ ။ (၁) ကြေငြာထားသည့်ရေနံမြေအတွင်း၌ ကျောက်ဖြင့်ကြိတ်ခြင်း၊သို့တည်းမဟုတ် ပွတ်တိုက်ခြင်း စသောလုပ်ငန်းကိုလုပ်ကိုင်သည့် နေရာတိုင်းတွင်အသုံးပြုသည့်ကြိတ်စက်၏ ဘေးရန်ကင်းရှင်းစွာ အမြန်ဆုံးလည်နိုင်သောအရှိန်(Peripheral speed) ကို၎င်း၊ ထိုစက်၏ဝင်ရိုးအရှိန်ကို၎င်း၊ ဘေး ရန်ကင်းရှင်းစွာ



Myanmar Law Information System (MLIS)

အမြန်ဆုံးလည်နိုင်သော အရှိန်ထက်ပို၍မလည်စေရန်လိုအပ်သည့် ပူလီ၏အချင်းကိုင်း ၊ဖော်ပြသည့်နို့တစ်စာကို၊ အသုံးပြုနေသော စက်အသီးသီး၌အမြဲကပ်ထားရမည်၊ သို့တည်းမဟုတ် စက် အသီးသီးနားတွင်အမြဲထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ ကပ်ထားသည့် နို့တစ်စာများတွင် ဖော်ပြထားသော အရှိန်ထက်ပို၍ကျောက်စက်ကို မလည်စေရ။

(၃) ကြော်ငြာထားသည့် ရေနံမြေတွင် စက်အားဖြင့်လည်သည့် ခွက်(vessel)၊ ချိုင့်( cage)၊ ချင်း တောင်း (basket)၊ အားပေးစက်ဘီး၊ ပူလီ၊ အပြားဝိုင်း(dise)၊ သို့တည်းမဟုတ် အလားတူကိရိယာ အသီးသီး၏အရှိန်သည်၊ ဘေးရန်ကင်းရှင်းစွာလည်နိုင်သော အရှိန်ထက်ပို၍ မလည်ရအောင်တားဆီးနိုင် သည့် စီမံချက်များ ပြုလုပ်ထားရမည်။

တိုးအားစက် (Pressure plant)။

၁၃။ ။(၁) ကြော်ငြာထားသည့်ရေနံမြေတွင် အသုံးပြုသည့် စက်ကိရိယာ၏အစိတ်အပိုင်း၊ သို့တည်း မဟုတ် စက်၏အစိတ်အပိုင်းသည်၊ သဘာဝလေတိုးအားထက်သာလွန်သော တိုးအားကိုအသုံးပြုလျှင်၊ ထိုအစိတ်အပိုင်းအသုံးပြုနေသောတိုးအားကို၊ ဘေးရန်ကင်းရှင်းစွာအသုံးပြုနိုင်သည့် တိုးအားထက် မပိုရအောင် ကျနစွာစီမံထားရမည်။

(၂) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ (၁) တွင် ရည်ညွှန်ထားသည့်စက်၊ သို့တည်းမဟုတ် စက်ကိရိယာ တခုခုကိုစစ်ဆေးခြင်း၊ စမ်းသပ်ခြင်းနှင့် စပ်လျဉ်း၍ပြဋ္ဌာန်းထားသော နည်းဥပဒေများကိုင်း၊ ကြော်ငြာ ထားသည့် ရေနံမြေအတွင်းတွင် ထိုစက်၊ သို့တည်းမဟုတ် စက်ကိရိယာနှင့်စပ်လျဉ်း၍ ဘေးရန် ကင်းရှင်းအောင် ပြုလုပ်ရန်လိုအပ်သည်ဟု မိမိထင်မြင်သည့် အခြားစီမံချက်များကို ပြဋ္ဌာန်းသော နည်းဥ ပဒေများကိုင်း၊ ပြုလုပ်နိုင်သည်။

တွင်း(sump)၊ လှောင်တွင်း(pit)၊ ကြမ်းပေါက်စသည်များ။

၁၄။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတိုင်းတွင် ပုံသေတပ်ဆင်ထားသော ခွက်(vessel)၊ လှောင်တွင်း (sump)၊ လှောင်ကန်(tank)၊ တွင်း(pit)၊ ကြမ်းပေါက်၊ သို့တည်းမဟုတ် တွင်းပေါက်အသီးသီး၏စောက် အနက် အနေအထား၊ တည်ထားပုံ၊ သို့တည်းမဟုတ် ထည့်သွင်းထားသည့် အရာများကိုထောက်ချင့်ခြင်း အားဖြင့် ဘေးအန္တရာယ် ဖြစ်ဘွယ်ရာအကြောင်းရှိလျှင်၊ ထိုခွက်၊ ကန်၊ တွင်း၊ အပေါက် စသည်များကို လုံ ခြုံစွာဖုံးအုပ်ထားရမည်၊ သို့တည်းမဟုတ် ခိုင်ခံ့စွာကာရံထားရမည်။

သို့ရာတွင် ရေနံတူးဖေါ်ထုတ်ယူရာ၌ မောင်းစက်ကြမ်းပြင် (derrick floor) တွင် အောက်ခန်းနှင့် တည့်တည့်အပေါက်တခုထားမှ အလုပ်လုပ်နိုင်မည်ဖြစ်လျှင်၊ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များသည် ထိုလုပ် ငန်းနှင့်မသက်ဆိုင်စေရ။

(၂) ပြွန်စက် (casing joint)၊ သို့တည်းမဟုတ် ကြိုးကိရိယာအဆက် (cable tool joint) ကိုပြင်၍ တပ်ဆင်နေစဉ် အလုပ်သမားများ အောက်ခန်းတွင်းထဲသို့ လိမ့်ကျခြင်းမရှိနိုင်အောင် အခန်းအထက်ရှိအ ပေါက်ကို အလုပ်ရှင်က ထိုကိရိယာ၏ ပတ်လည်တွင်ကာရံဖုံးပိတ်ထားရမည်။

အလွန်အမင်းလေးလံသောဝန်ချိန်များ။

၁၅။ ။(၁) ကြော်ငြာထားသည့် ရေနံမြေတွင် မည်သည့်မိန်းမ၊ လူရွယ်၊ သို့တည်းမဟုတ် ကလေးကိုမျှ လေးလံလွန်းသဖြင့် ထိခိုက်နာကျင်စေမည့် လက္ခဏာရှိသော ဝန်ချိန်ကိုပင့်ရန်၊ သယ်ယူရန်၊ သို့တည်းမ ဟုတ် ရွှေ့ပြောင်းရန်မခိုင်းစေရ။

(၂) နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့် ရေနံမြေတွင်၊ သာမန်အားဖြင့်လုပ်သူတို့ပင့်ရမည့်၊ သယ်ယူရမည့်၊ သို့တည်းမဟုတ် ရွှေ့ပြောင်းရမည့် အများဆုံးဝန်ချိန်ကိုပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုလုပ်နိုင် သည်။

မျက်စိကိုကာကွယ်ခြင်း။

၁၆။ ။ ကြော်ငြာထားသည့်ရေနံမြေတွင်-

(က) လုပ်သည့် လုပ်ငန်းအရ၊ လုပ်ရာမှထွက်သော အမှုန်များကြောင့်၊ သို့တည်းမဟုတ် ၊ အပိုင်းအစများ ကြောင့် မျက်စိကို ထိခိုက်ဘွယ်ရာရှိသော လုပ်ငန်းဖြစ်သည်ဟူ၍သော်၎င်း၊

(ခ) အလင်းရောင် အလွန်အမင်း ထိုးသဖြင့် မျက်စိ ဘေးအန္တရာယ် ဖြစ်ဘွယ်ရာရှိသည့် လုပ်ငန်းဖြစ် သည်ဟူ၍သော်၎င်း၊

ပြဋ္ဌာန်းသော လုပ်ငန်းတခုခုနှင့်စပ်လျဉ်း၍၊ ယင်းသို့လုပ်ရာ၌ဖြစ်စေ၊ လုပ်သည့်နေ ရာ၏အနီး၌ဖြစ်စေ၊ ခိုင်းစေခံရသူတို့ကို ကာကွယ်ပေးရန်အလို့ငှါ၊ အလင်းရောင်ကိုထိရောက်စွာ တား ဆီးနိုင်သည့်အကာအရံ များ၊ သို့တည်းမဟုတ် သင့်တော်သော အလင်းကာမျက်မှန်များကို စီမံထားပေးရန် နိုင်ငံတော်သမတက နည်းဥပဒေများဖြင့် ပြဋ္ဌာန်းနိုင်သည်။

ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အခိုးအငွေ့များနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ချက်များ။

၁၇။ ။ (၁) ကြော်ငြာထားသည့်ရေနံမြေတွင် လူများ မူးမေ့သွားလောက်အောင် ဘေးအန္တရာယ် ဖြစ်စေ တတ်သည့်၊ အခိုးအငွေ့များ ရှိတတ်သောအခန်း၊ လှောင်ကန်၊ လှောင်စည်(vat)၊ တွင်း၊ ပြွန်၊ လေလမ်း (flue)၊ သို့တည်းမဟုတ် အခြားပိတ်လှောင် ထားသည့်နေရာတွင် လူတယောက်ထွက်နိုင်အောင် ကျယ် သော ကယ်ပေါက်တခု၊ သို့တည်းမဟုတ် အခြားထွက်ပေါက်တခု စီမံထားပေးခြင်းမရှိလျှင်၊ ထိုအတွင်း သို့မည်သူမျှမဝင်ရ၊ သို့တည်းမဟုတ် မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(၂) ကြော်ငြာထားသည့်ရေနံမြေတွင် ပုဒ်မခွဲ (၁) ၌ရည်ညွှန်းထားသည့် ပိတ်လှောင်သောနေရာအတွင်း၌ နှစ်ဆယ့်လေးဗို့ (volt) ထက်ပိုသော လက်ဆွဲလျှပ်စစ်ဓါတ်မီးကို အသုံးမပြုစေရ။ ထို့ပြင် ထိုနေရာ အတွင်း၌ရှိသော ဘေးအန္တရာယ် ဖြစ်စေတတ်သည့် အခိုးအငွေ့များသည် မီးတောက်လောင်နိုင်စေသည့် ဓါတ်သဘာဝဖြစ်လျှင်၊ မီးမကူးနိုင်အောင် ပြုလုပ်ထားသည့် မီးအိမ်၊ သို့တည်းမဟုတ် ဓါတ်မီးမှလွဲ၍၊ အခြားမီးအိမ်၊ သို့တည်းမဟုတ် ဓါတ်မီးကို အသုံးမပြုစေရ။

(၃) ကြော်ငြာထားသည့်ရေနံမြေ၌၊ ပုဒ်မခွဲ(၁) တွင် ရည်ညွှန်းထားသည့် ပိတ်လှောင်သောနေရာ၌ ရှိနေ တတ်သည့် အခိုးအငွေ့များကို ဖယ်ရှားရန်နှင့် အခိုးအငွေ့များမဝင်စေရန် အစွမ်းကုန်စီမံထားခြင်း၊ ထို့ပြင် အောက်ဖော်ပြရာပါအတိုင်း ဆောင်ရွက်ထားခြင်းမရှိလျှင်၊ မည်သူမျှ ထိုပိတ်လှောင်သည့်နေရာသို့ မဝင်ရ၊ သို့တည်းမဟုတ် မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(က) စမ်းသပ်ပိုင်ခွင့်ရှိသူက မိမိကိုယ်တိုင် ထိုနေရာကိုစမ်းသပ်ပြီးနောက် ဘေးအန္တရာယ်ဖြစ်စေတတ် သော အခိုးအငွေ့များကင်းရှင်းကြောင်း၊ ထိုနေရာသို့ လူများဝင်ရောက်ရန် သင့်တော်ပြီဖြစ်ကြောင်း၊ တာဝန်ခံလက်မှတ်ပေးခြင်း၊ သို့တည်းမဟုတ်

(ခ) ရေနံအလုပ်သမားသည် သင့်တော်သော အသက်ရှူတန်ဆာပလာကို တပ်ဆင်ထား၍၊ ခါးပတ် ပတ်သည့်ပြင် ထိုခါးပတ်တွင် ကြိုးတချောင်းခိုင်မြဲစွာချည်ထားပြီးနောက် လွတ်နေသောကြိုးစကို ပြင်ပ ၌ရှိနေသောလူတယောက်က ကိုင်ထားခြင်း။

(၄) သင့်တော်သောအသက်ရှူ တန်ဆာပလာ၊ သင့်တော်သောပြန်လည်သတိရအောင် ပြုနိုင်သည့် တန်ဆာပလာ၊ သင့်တော်သောခါးပတ်နှင့် ကြိုးများကို တဦးတယောက်သောသူ ဝင်ရောက်သည့် ပိတ်လှောင်သောနေရာ၏ အနီးအနား၌၊ ချက်ချင်းအသုံးပြုနိုင်ရန် အသင့်ထားရှိရမည်။ ထိုတန်ဆာ ပလာအားလုံးကို စစ်ဆေးပိုင်ခွင့်ရှိသူက ကာလအပိုင်းအခြားအားဖြင့် မှန်မှန်စစ်ဆေး၍ အသုံးပြုရန် သင့်တော်ကြောင်းတာဝန်ခံရမည်။ ထို့ပြင် ခိုင်းစေခံရသူများအနက် လုံလောက်သောဦးရေကို ထိုတန်ဆာ ပလာများအသုံးပြုနည်းနှင့် အသက်ပြန်လည် ရှူရှိုက်စေနိုင်သည့် နည်းလမ်းများကို သင်ကြားလေ့ကျင့် ပေးရမည်။

(၅) လူတို့အတွက် ဘေးရန်ကင်းရှင်းစွာ ဝင်ရောက်နိုင်ရန်အလို့ငှါ၊ ဘွိုင်လာ၊ ဘွိုင်လာမီးလမ်း၊ ဘွိုင်လာ မီးဖို၊ ပေါင်းအိုး(still)၊ အခန်း၊ လှောင်ကန်၊ လှောင်စည်၊ ပြွန်၊ သို့တည်းမဟုတ် အခြားပိတ်လှောင်သော နေရာကို လေသွင်းခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ လုံလောက်စွာ အေးအောင်မပြုလုပ်ရသေးမီ၊ ထိုနေရာအသီးသီးသို့ အလုပ်လုပ်ရန်ဖြစ်စေ၊ စမ်းသပ်စစ်ဆေးရန်ဖြစ်စေ၊ မည်သူ့ကိုမျှဝင်ခွင့်မပြုရ။

(၆) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ(၁) တွင် ရည်ညွှန်းထားသည့် ကယ်ပေါက်များအတွက် အငယ်ဆုံးအ ကျယ်အဝန်း မည်ရွေ့မည်မျှရှိရမည်ကို ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုလုပ်နိုင်သည့်ပြင်၊ မိမိသင့်တော် မည်ထင်သည့် စည်းကမ်းချက်များ ထား၍ မည်သည့်ကြော်ငြာထားသည့်ရေနံမြေကိုမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်တခုခုအတိုင်း လိုက်နာဆောင်ရွက်ခြင်းမှ အမိန့်စာဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သည့်အမှုန်၊ အခိုးအငွေ့ စသည်များ။

၁၈။ ။ (၁) ကြော်ငြာထားသည့်ရေနံမြေတွင် ကျောက်ဖြင့်ကြိတ်ခြင်း၊ ဆန်ခါချခြင်း၊ သို့တည်းမဟုတ် အခြားနည်းလုပ်ငန်းတခုခုကြောင့် ဖြစ်သည့်အမှုန်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့သည်၊ မီးကူးလျှင် ပေါက်ကွဲနိုင်သည့် အမျိုးအစားဖြစ်၍၊ ပေါက်ကွဲလောက်အောင် များပြားလျှင်၊ ဤကဲ့သို့ ပေါက်ကွဲခြင်းကို အစွမ်းကုန် တားဆီးရန် အောက်ဖော်ပြရာပါအတိုင်း စီမံထားရမည်။

(က) လုပ်ငန်းတွင် အသုံးပြုသည့်စက်ကို၊ သို့တည်းမဟုတ် စက်ကိရိယာကိုထိရောက်စွာ ကာရံထား ခြင်း။

(ခ) အမှုန်၊ အခိုး၊ သို့တည်းမဟုတ် အငွေ့ကိုများပြားအောင် မစုဖြစ်ရန်ပြုလုပ်ခြင်း၊ သို့တည်းမဟုတ် ထိုသို့စုမိလျှင် ထိုစုခြင်းကိုပယ်ရှားခြင်း။

(ဂ) မီးကူးစေနိုင်သည့် အရာအားလုံးကို ကင်းလွတ်စွာထားခြင်း၊ သို့တည်းမဟုတ် လုံခြုံစွာကာရံထား ခြင်း။

(၂) ကြော်ငြာထားသည့်ရေနံမြေအတွင်း ပုဒ်မခွဲ(၁) တွင်ရည်ညွှန်းထားသည့်လုပ်ငန်း၌ အသုံးပြုသော စက်ကို၊ သို့တည်းမဟုတ် စက်ကိရိယာကို၊ ဆိုခဲ့သည့်အတိုင်း ပေါက်ကွဲသည့်အရှိန်ကိုခံနိုင်အောင် တည် ဆောက်ထားခြင်းမရှိလျှင်၊ စက်၌၊ သို့တည်းမဟုတ် စက်ကိရိယာ၌ အပိတ်အဆို့များ(chokes)၊ အတားအဆီးများ(baffles)၊ လွတ်ပေါက်များ (vents)၊ သို့တည်းမဟုတ် အခြားအလားတူ ထိရောက်စွာ တားဆီးနိုင်သည့် ကိရိယာများ စီမံထားပေးခြင်းဖြင့် ပေါက်ကွဲခြင်းကိုမပြန့်အောင်နှင့် ပေါက်ကွဲခြင်း ကြောင့် ထိခိုက်သည့်အပျက်အစီးကို နည်းနိုင်သမျှနည်းအောင် တားဆီးရန်အလို့ငှါ ၊အစွမ်းကုန်ဆောင် ရွက်ပေးရမည်။

Myanmar Law Information System (MLIS)

(၃) ကြော်ငြာထားသည့်ရေနံမြေအတွင်းစက်၏၊ သို့တည်းမဟုတ် စက်ကိရိယာ၏ အစိတ်အပိုင်းတွင် ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေတတ်သောအခိုးသည်ဌင်း၊ အငွေ့သည် ဌင်း၊ သဘာဝလေအားထက်ကြီးသောတိုးအားရှိလျှင်၊ ထိုအစိတ်အပိုင်းကို အောက်ပါပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်မဖွင့်ရ။

(က) စက်၏၊ သို့တည်းမဟုတ် စက်ကိရိယာ၏အစိတ်အပိုင်းနှင့် ဆက်သွယ်လျက်ရှိသော ပြွန်ဆက်ကိုတင်းကြပ်ခြင်းမပြုမီ၊ သို့တည်းမဟုတ် ထိုအစိတ်အပိုင်းရှိအပေါက်၏ တင်းကြပ်စွာ ပိတ်ထားသည့်အဖုံးကိုမလျော့မီ ထိုအစိတ်အပိုင်းထဲသို့၊ သို့တည်းမဟုတ် ထိုပြွန်ထဲသို့အခိုး၊ သို့တည်းမဟုတ် အငွေ့မဝင်အောင် အပိတ်အဆို့ဖြင့်ဖြစ်စေ၊ အခြားတနည်းနည်းဖြင့်ဖြစ်စေ၊ ကျနစွာ ပိတ်ဆို့ထားရမည်။

(ခ) အထက်ဆိုခဲ့သည့်အတိုင်း၊ တင်းကြပ်စွာပိတ်ဆို့ထားသည့်ပြွန်ဆက်၊ ပိတ်ဆို့ထားသည့် အပိတ် အဆို့ကိုမဖြုတ်မီ၊ ပြွန်တွင်၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းတွင်ရှိသောအခိုး၊ သို့တည်းမဟုတ် အငွေ့ ၏တိုးအားကိုသဘာဝလေအားနှင့်ညီအောင် လျော့ရန်အစွမ်းကုန် စီမံဆောင်ရွက်ရမည်။

(ဂ) အထက်ဆိုခဲ့သည့်အတိုင်း၊ တင်းကြပ်ထားသည့် ပြွန်ဆက်၊ ပိတ်ဆို့ထားသည့် အပိတ်အဆို့ကို လျော့ပြီးလျှင်၊ သို့တည်းမဟုတ် ဖြုတ်ပြီးလျှင်၊ ထိုအပိတ်အဆို့၊ သို့တည်းမဟုတ် ပြွန်ဆက်ကိုပြန်လည် တင်းကြပ်ခြင်း၊ သို့တည်းမဟုတ် ခိုင်ခံ့စွာပြန်လည်တပ်ဆင်ခြင်း၊ မပြုလုပ်မီ၊ ပေါက်ကွဲစေတတ်သော၊ သို့ တည်းမဟုတ် မီးတောက်လောင်စေတတ်သောအခိုးကို၊ သို့တည်းမဟုတ် အငွေ့ကိုထိုပြွန်တွင်းသို့ဖြစ်စေ၊ စက်၊ သို့တည်းမဟုတ် စက်ကိရိယာအစိတ်အပိုင်းအတွင်းသို့ဖြစ်စေ၊မဝင်စေရန် ကျနစွာစီမံထားရှိရမည်။

(၄) ကြော်ငြာထားသည့်ရေနံမြေအတွင်း ပေါက်ကွဲစေတတ်သော၊ သို့တည်းမဟုတ် မီးတောက်လောင်စေ တတ်သောအရာရှိသော၊ သို့တည်းမဟုတ် ရှိခဲ့ပြီးဖြစ်သောစက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်မှ ထို အရာနှင့် ထိုအရာမှဖြစ်သော အခိုးအငွေ့များကို ပယ်ရှားရန်၊ သို့တည်းမဟုတ် ထိုအရာနှင့်အခိုးအငွေ့များ ကိုမပေါက်ကွဲအောင်၊ သို့တည်းမဟုတ် မီးမတောက်လောင်အောင် ပြုလုပ်ရန်လုံလောက်စွာ စီမံဆောင် ရွက်ထားခြင်းမရှိလျှင်၊ ထို့ပြင် စမ်းသပ်ပိုင်ခွင့်ရှိသူက မိမိကိုယ်တိုင်ထိုစက်၊ လှောင်ကန်၊ သို့တည်းမ ဟုတ် ခွက်ကိုစမ်းသပ်ပြီးနောက်၊ ထိုအရာတို့သည်ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးတောက် လောင်စေတတ်သည့် အငွေ့မရှိကြောင်းစာဖြင့်ရေး၍ တာဝန်ခံလက်မှတ် မထုတ်ပေးလျှင်၊ ထိုစက်ကို၊ သို့ တည်းမဟုတ် လှောင်ကန်ကို၊ သို့တည်းမဟုတ် ခွက်ကို သံဂဟေဆော်ခြင်း (welding)၊ ကြေးဂဟေ ဆော်ခြင်း(brazing)၊ သို့တည်းမဟုတ် ခဲဂဟေဆော်ခြင်း(soldering)၊ သို့တည်းမဟုတ် မီးအားဖြင့် ဖြတ်တောက်ခြင်းမပြုလုပ်ရ။

(၅) ပုဒ်မခွဲ(၄) တွင်ပါရှိသော ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဂဟေဆော်ခြင်း ပြုလုပ်ပြီးသည် နောက်စက်၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်စသည်များသည်၊ ဆိုခဲ့သည့်အရာကို မီးမကူးနိုင်လောက် အောင် မအေးသေးမီ၊ ထိုစက် ၊ လှောင်ကန်၊ သို့တည်းမဟုတ် ခွက်ထဲသို့ ထိုအရာမရောက်စေရ။

မီးသင့်လောင်လျှင် ဆောင်ရွက်ရမည့် စီမံချက်များ။

Myanmar Law Information System (MLIS)

၁၉။ ။ (၁) ကြော်ငြာထားသည့်ရေနံမြေတွင် အကယ်၍ မီးသင့်လောင်လျှင်လွတ်မြောက်ရန် နည်းလမ်း များကို ပြဋ္ဌာန်းသည့်အတိုင်းစီမံထားရှိရမည်။ ဤကဲ့သို့ စီမံထားခြင်းမရှိဟု အင်စပက်တော်ကထင်မြင် လျှင်၊ အင်စပက်တော်သည်၊ အလုပ်ရှင်ထံသို့ အမိန့်စာချအပ်၍၊ ထိုအမိန့်စာတွင် ကြော်ငြာထားသည့် ရေနံမြေကို ဤပုဒ်မနှင့်၎င်း၊ ဤပုဒ်မအရပြုလုပ်သည့်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်၎င်း၊ ညီ ညွတ်စွာ ဆောင်ရွက်သင့်သည်ဟု မိမိထင်မြင်သော စီမံချက်များဖော်ပြ၍၊ အမိန့်စာတွင် ဖော်ပြသည့် နေ့ရက်မတိုင်မီ ထိုစီမံချက်များဖော်ပြ၍ ဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။

(၂) ကြော်ငြာထားသည့် ရေနံမြေတွင်၊ အခန်းတခုခုမှထွက်နိုင်သည့် တံခါးများကို အခန်းတွင်း၌ လူတဦးတယောက်ရှိနေစဉ်၊ အတွင်းမှရုတ်တရက် အလွယ်တကူ မဖွင့်နိုင်အောင်သော့ခတ်ထားခြင်း၊ သို့ တည်းမဟုတ် ပိတ်ထားခြင်းမပြုရ။ ထိုတံခါးများသည် အံထိုးတံခါးမျိုးမဟုတ်လျှင် အပြင်ဖွင့်တံခါးများ ဖြစ်ရမည်။

(၃) ကြော်ငြာထားသည့် ရေနံမြေတွင် သာမန်အသုံးပြုသည့် ထွက်ပေါက်များမှလွဲ၍ မီးသင့်လောင်လျှင် ထွက်နိုင်သည့် ပြူတင်းပေါက်တံခါး၊ သို့တည်းမဟုတ် အခြားထွက်ပေါက် အသီးသီးတွင်၊ ရေနံ အလုပ်သမားအများ နားလည်သည့်စာဖြင့် ထင်ရှားစွာ ရေးထားသော စာလုံးနီများနှင့်ဖြစ်စေ၊ အခြား ကောင်းစွာသိသာ နိုင်သည့် အမှတ်အသားနှင့်ဖြစ်စေ၊ ထင်ရှားစွာမှတ်သားထားရမည်။

(၄) မီးသင့်လောင်လျှင်၊ ကြော်ငြာထားသည့်ရေနံမြေတွင် ခိုင်းစေခံရသူတိုင်း ကောင်းစွာကြားသိနိုင် အောင် အချက်ပေးကိရိယာများကို ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင် တပ်ဆင်ထားရမည်။

(၅) မီးသင့်လောင်လျှင် ထွက်ပေါက်များသို့ အလွယ်တကူသွားနိုင်သည့်လမ်းကို ကြော်ငြာထားသည့် ရေနံမြေအတွင်း အခန်းအသီးသီးရှိ ရေနံအလုပ်သမားအားလုံး အသုံးပြုနိုင်ရန် ရှင်းလင်းထားရှိရမည်။

(၆) (က) အောက်ဆုံးထပ်၏ မည်သည့်နေရာတွင်မဆို အလုပ်သမားလူနှစ်ဆယ်ထက်ပို၍ ခိုင်းစေသော ကြော်ငြာထားသည့်ရေနံမြေ၌ဖြစ်စေ၊

(ခ) ပေါက်ကွဲစေတတ်သည့်၊ သို့တည်းမဟုတ် မီးအလွန်တောက်လောင်စေတတ်သည့် ပစ္စည်းများကို သို လှောင်ထားသော၊ သို့တည်းမဟုတ် အသုံးပြုသော ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင်ဖြစ်စေ၊ မီးသင့်လောင်လျှင် အသုံးပြုနိုင်သည့်ထွက်ပေါက်များကို ရေနံအလုပ်သမားအားလုံး သိနေစေရန်၎င်း၊ မီးသင့်လောင်လျှင် ထိုသူတို့ မီးဘေးမှလွတ်မြောက်အောင် လိုက်နာရမည့်နည်းလမ်းကို ကောင်းစွာသင် ကြားပေးရန်၎င်း၊ ကျနစွာစီမံဆောင်ရွက်ရမည်။

(၇) နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့် ရေနံမြေနှင့်စပ်လျဉ်း၍ မီးလောင်လျှင် အသုံးပြုရန် စီမံ ထားရှိရမည့် ထွက်ပေါက်များနှင့်တကွ၊ မီးသတ်ကိရိယာအမျိုးအစားနှင့် အရေအတွက်ကို ပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

ချို့ယွင်းသော အစိတ်အပိုင်းများကို သီးခြားဖော်ပြရန်ဖြစ်စေ၊ ခိုင်မခိုင်စမ်းသပ်ခြင်း ပြုလုပ်ရန် ဖြစ်စေ၊ ဆင့်ဆိုနိုင်သည့် အာဏာ။

Myanmar Law Information System (MLIS)

၂၀။ ။ (၁) ကြော်ငြာထားသည့် ရေနံမြေရှိ အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်း သော်၎င်း၊ လမ်းများ၊ စက်ကိရိယာများ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းသည် သော်၎င်း၊ လူ့အသက်ကိုဘေးအန္တရာယ် ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့် အခြေအနေတွင်ရှိသည်ဟု အင်စပက်တော်က ထင်မြင်လျှင် သတ်မှတ်သည့် နေ့ရက်မတိုင်မီ၊ အောက်ဖော်ပြပါ အတိုင်ဆောင်ရွက်ရမည်ဟု အလုပ်ရှင်ထံ အမိန့်စာချအပ်နိုင်သည်။

(က) ယင်းသို့သော အဆောက်အအုံ၊ လမ်းများ ၊ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်ကိုဘေးရန်ကင်း ရှင်းစွာ အသုံးပြုနိုင် မပြုနိုင် ဆုံးဖြတ်ရန်အတွက် လိုအပ်သည့်ပုံစံများ၊ အသေးစိတ် ဖော်ပြချက်များနှင့် အခြားအကြောင်းအရာများကို ပေးအပ်ရန်၊ သို့တည်းမဟုတ်

(ခ) အမိန့်တွင် ဖော်ပြသည့် စမ်းသပ်မှုများကို ဖော်ပြသည့် နည်းလမ်းအတိုင်းပြုလုပ်၍၊ ထိုစမ်းသပ်မှု များမှ သိရှိရသည့် အကြောင်းအရာများကို၊ အင်စပက်တော်ထံ အကြောင်းကြားရန်။

အဆောက်အအုံများနှင့် စက်ကိရိယာများဘေးရန်ကင်းရှင်းမှု။

၂၁။ ။ (၁) ကြော်ငြာထားသည့် ရေနံမြေရှိအဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ၏ အစိတ်အ ပိုင်းသော်၎င်း၊ လမ်းများ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းသည်သော်၎င်း၊ လူ့အ သက်ကိုဘေးအန္တရာယ်ဖြစ်စေမည့်၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေမည့် အခြေ အနေတွင်ရှိသည်ဟု အင်စပက်တော်ကထင်မြင်လျှင်၊ အင်စပက်တော်သည် အလုပ်ရှင်ထံသို့ အမိန့်စာချ မှတ်၍ ထိုအမိန့်စာတွင် လိုက်နာဆောင်ရွက်သင့်သည်ဟု မိမိထင်မြင်ချက်များကိုဖော်ပြလျက်၊ အမိန့်စာ တွင် ဖော်ပြသည့် နေ့ရက်မတိုင်မီ ထိုစီမံချက်များကို ဆောင်ရွက်ရမည်ဟု ဆင့်ဆိုနိုင်သည်။

(၂) ကြော်ငြာထားသည့်ရေနံမြေရှိ အဆောက်အအုံ၊ သို့တည်းမဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်း ကိုဖြစ်စေ၊ လမ်းများ စက်ကိရိယာ၊ သို့တည်းမဟုတ် စက်၏အစိတ်အပိုင်းကိုဖြစ်စေ၊ အသုံးပြုခြင်းသည်၊ လူ့အသက်ကိုဘေးအန္တရာယ်ဖြစ်စေမည့်ဆဲဆဲ၊ သို့တည်းမဟုတ် လူတို့ဘေးရန်ကင်းရှင်းမှုကို ထိခိုက်စေ မည့်ဆဲဆဲ ဖြစ်သည်ဟု အင်စပက်တော်က ထင်မြင်လျှင် ထိုအဆောက်အအုံစသည်များ၊ အစိတ်အပိုင်း များကို၊ နေရာကျပြင်ဆင်ခြင်း၊ သို့တည်းမဟုတ် ပြောင်းလဲပြုပြင်ခြင်း မပြုလုပ်ရသေးမီ၊ အသုံးမပြု ရန်တားမြစ်သည့်အမိန့်စာကို အင်စပက်တော်က အလုပ်ရှင်ထံချအပ်နိုင်သည်။

ဤအခန်းကို နောက်ထပ်ဖြည့်စွက်ရန်၊ နိုင်ငံတော်သမတက၊ နည်းဥပဒေများ ပြုလုပ်နိုင်သည့် အာဏာ။

၂၂။ ။ နိုင်ငံတော်သမတသည်၊ ဤအခန်းတွင် ဖော်ပြထားသော ကိစ္စများနှင့်ဆိုင်သည့် ကာကွယ် ချက်များအပြင် အောက်ပါအချက်များနှင့်ပတ်သက်၍ နောက်ထပ် ကာကွယ်ချက်များကို၊ နည်းဥပဒေ များဖြင့် ပြဋ္ဌာန်းနိုင်သည်။

(က) သီးခြားဖြစ်သည့်စက်များ ဘေးရန်ကင်းရှင်းအောင် နောက်ထပ်ကာရံခြင်း၊

(ခ) စက်လည်နေသည့်အခါ၊ ဘေးအန္တရာယ် ဖြစ်စေတတ်သည့် စက်၏အစိတ်အပိုင်းကိုမပေါ်စေရန် ကာကွယ်သည့်၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်လျှင်၊ စက်ကိုရပ်စေသည့် ကိရိယာများကို စီမံထားရှိ ခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် စက်အစိတ်အပိုင်းနှင့် အလုပ်သမားကိုမထိခိုက်နိုင်အောင် ပုံသေကာ ကွယ်ထားရန် မဖြစ်နိုင်လျှင်၊ အလိုအလျောက် အကာအကွယ်ဖြစ်နိုင်သည့်၊ အကာအကွယ်မျိုးများ စီမံ ထားရှိခြင်း၊

(ဃ) စက်ပေါ်တင်၍လုပ်ကိုင်ရသဖြင့်၊ စက်လည်နေစဉ်၊ ဘေးအန္တရာယ် ဖြစ်စေတတ်သော အရာများကို ကာရံထားခြင်း၊ ထို့ပြင်

(င) ဤအခန်းပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန် အလို့ငှါ သင့်တော်သည့်အခြား ကိစ္စ။

## အခန်း ၅။

## သက်သာချောင်ချိရေး။

ဖွပ်လျှော်ဆေး ကြောရန် လွယ်ကူမှု အခွင့်အလမ်း။

၂၃။ ။ နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့် ရေနံမြေအတွက်ဖြစ်စေ၊ ထိုရေနံမြေ တစိတ်တဒေ သအတွက်ဖြစ်စေ၊ ဖွပ်လျှော်ဆေးကြောနိုင်ရန် သင့်တော်လုံလောက်သော လွယ်ကူမှု အခွင့်အလမ်းများ ကိုမည်သည့် ပုံစံအတိုင်းတာရှိရမည်ဟု ပြဋ္ဌာန်းသည့် နည်းဥပဒေများပြုလုပ်နိုင်သည်။

သူနာပြု ကိရိယာများ။

၂၄။ ။ (၁) ကြော်ငြာထားသည့် ရေနံမြေတိုင်းတွင်၊ ပြဋ္ဌာန်းထားသည့် ပစ္စည်းများ ထည့်ထားသော သူနာ ပြု ဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတလုံးကို၊ အလုပ်ချိန်အတွင်း၊ အလွယ်တကူအသုံးပြု နိုင်ရန်၊ အင်စပက်တော်က ညွှန်ကြားသည့် သင့်လျော်သောနေရာတွင်၊ အလုပ်ရှင်ကအသင့်စီမံထားရှိရ မည်။ အလုပ်သမားတရာ့ငါးဆယ်ထက်ပို၍ ခိုင်းစေလျှင်၊ နောက်ထပ်အလုပ်သမား တရာ့ငါးဆယ် အတွက်၊ သို့တည်းမဟုတ် ထို့ထက်နည်းသော နောက်ထပ်အလုပ်သမားများအတွက်၊ နောက်ထပ် ဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတလုံးထားရှိရမည်။

(၂) ပြဋ္ဌာန်းထားသည့်ပစ္စည်းများမှလွဲ၍၊ အခြားမည်သည့်အရာကိုမျှ ပုဒ်မခွဲ(၁) တွင်၊ ရည်ညွှန်းထား သည့် သူနာပြုဆေးသေတ္တာ၊ သို့တည်းမဟုတ် ဆေးဘီရိုတွင်မထားရ။ ထို့ပြင် ထိုသူနာပြုဆေးသေတ္တာ နှင့် ဆေးဘီရိုများကို၊ သူနာပြုအတတ် တတ်မြောက်ပြီးသော တာဝန်ခံတယောက်၏ လက်အောက်တွင် ထားရှိရမည်။ ထိုသူသည် အလုပ်ချိန်တွင် အမြဲရှိနေရမည်။

(၃) အလုပ်ရှင်ကအလုပ်သမားနှစ်ရာထက်ပို၍ ခိုင်းစေလျှင်၊ ပြဋ္ဌာန်းထားသည့် ပစ္စည်းများနှင့်တကွ၊ ပြဋ္ဌာန်းသည့်အကျယ်အဝန်းရှိသော သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံတခုထားရှိရမည်။ ထိုသူ နာပြုခန်းကို၊ သို့တည်းမဟုတ် ဆေးပေးရုံကို၊ ပြဋ္ဌာန်းထားသည့် ဆရာဝန်နှင့် သူနာပြုဆရာများက ကြီးကြပ်စီမံရမည်။

သို့ရာတွင် အင်စပက်တော်သည်၊ အချင်းဝက်နှစ်မိုင်ရှိသော နယ်မြေစက်ဝိုင်းအတွင်း စုစုပေါင်း အလုပ် သမားနှစ်ရာ၊ သို့တည်းမဟုတ် နှစ်ရာထက်ပို၍ ခိုင်းစေသောအလုပ်ရှင်နှစ်ဦး၊ သို့တည်းမဟုတ် နှစ်ဦး ထက်ပိုသော အလုပ်ရှင်များအား၊ မိမိညွှန်ကြားသည့်သင့်တော်သောနေရာတွင်၊ သူနာပြုခန်း၊ သို့ တည်းမဟုတ် ဆေးပေးရုံတခုကို၊ ပုဒ်မခွဲ(၃) နှင့်အညီ တွဲဘက်စီမံထားရှိရန် ဆင့်ဆိုနိုင်သည်။

အလုပ်နားရုံများ၊ အလုပ်နားခန်းများနှင့် ထမင်းစားခန်းများ။

Myanmar Law Information System (MLIS)

၂၅။ ။ (၁) အလုပ်သမားနှစ်ရာထက်ပို၍ ခိုင်းစေသော အလုပ်ရှင်တိုင်းသည် အလုပ်သမားများအသုံးပြု ရန်၊ သင့်တော်လုံလောက်သော အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများနှင့် သင့်တော် လုံလောက်သော ထမင်းစားခန်း စီမံထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ စီမံထားရှိရမည့် အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ၊ သို့တည်းမဟုတ် ထမင်းစားခန်းများကို၊ အလင်းရောင်နှင့် လေလုံလောက်စွာရရှိအောင်လည်း စီမံထားရှိရမည်။ ထို့ပြင် ထိုအလုပ်နားရုံ စသည်များကို၊ သန့်ရှင်းစင်ကြယ်အောင်ထားရမည်။

(၃) နိုင်ငံတော်သမတသည်-

(က) ဤပုဒ်မအရ ထားရှိရမည့် အလုပ်နားရုံများ၊ အလုပ်နားခန်းများနှင့် ထမင်းစားခန်းများကို ဆောက် လုပ်ရမည့်ပုံစံ၊ နေရာထိုင်ခင်းထားရှိရမည့်စံနစ်၊ ထိုအလုပ်နားရုံ စသည်များတွင်ထားရှိရမည့် ပရိဘောဂ နှင့်အခြားပစ္စည်းများကို ပြဋ္ဌာန်းနိုင်သည်။

(ခ) ပြန်တမ်းတွင် အမိန့်ကြော်ငြာစာထုတ်ပြန် ကျေညာ၍ အလုပ်ရှင်တဦးတယောက်ကို၊ ဤပုဒ်မရှိလို အပ်ချက်များနှင့်သက်ဆိုင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

အလုပ်သမားဆိုင်ရာ တွဲဘက်အကြံပေးအဖွဲ့။

၂၆။ ။ နိုင်ငံတော်သမတသည်၊ အောက်ပါပုဂ္ဂိုလ်များပါဝင်သော အလုပ်သမားဆိုင်ရာတွဲဘက် အကြံပေး အဖွဲ့တခုကို-

(က) ရေနံမြေအလုပ်သမားတို့၏ သက်သာချောင်ချိမှုများ၊

(ခ) ဘေးအန္တရာယ် ကင်းရှင်းစေသော စီမံမှုများနှင့်

(ဂ) အလုပ်ရှင်များနှင့် အလုပ်သမားများသင့်မြတ်စွာဆက်ဆံရေးများ ပိုမိုရရှိရေး၊

အတွက်ဆောင်ရွက် ရန် ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင် ခန့်ထားရမည်။အဖွဲ့ဝင်များ၏ သက်တမ်းများမှာ (၁) နှစ်ဖြစ်ရမည်။

(၁) ရေနံဝန်(ဥက္ကဋ္ဌ)။

(၂) အစိုးရအလုပ်သမားအရာရှိ (အဖွဲ့ဝင်နှင့်အတွင်းရေးမှူး)။

(၃) အလုပ်ရှင်၏ ကိုယ်စားလှယ် (ခြောက်ဦးထက်မပိုရ)။

(၄) ရေနံအလုပ်သမားအစည်းအရုံး၏ ကိုယ်စားလှယ် (ခြောက်ဦးထက်မပိုရ)။

## အခန်း ၆။

## အထူးသက်ဆိုင်စေခြင်း။

ဘေးအန္တရာယ်ဖြစ်စေတတ်သည့် အလုပ်များ။

၂၇။ ။ ကြော်ငြာထားသည့်ရေနံမြေတွင်၊ လုပ်ရသည့်အလုပ်သည်၊ အလုပ်သမားတို့၏ ကိုယ်အင်္ဂါကို ထိ ခိုက်နာကျင်စေမည့်၊ သို့တည်းမဟုတ် အလုပ်သမားကို အဆိပ်မိစေမည့်၊ သို့တည်းမဟုတ် ရောဂါဖြစ်စေ မည့် လက္ခဏာရှိသည့်

အလုပ်ဖြစ်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရရှိလျှင်၊ အလုပ်လုပ်နေ သည့် ကြော်ငြာထားသည့် ရေနံမြေအတွင်းရှိဒေသတခုခုနှင့် သက်ဆိုင်သည့်နည်းဥပဒေများကို ပြုလုပ် နိုင်သည်။

(က) အလုပ်ကို သီးခြားသတ်မှတ်၍ ဘေးအန္တရာယ် ဖြစ်စေတတ်သော အလုပ်ဖြစ်သည်ဟု ပြဋ္ဌာန်းနိုင် သည်။

(ခ) ထိုအလုပ်တွင်၊ မိန်းမများအား၊ သို့တည်းမဟုတ် လူရွယ်များအား၊ သို့တည်းမဟုတ် ကလေးများ အားခိုင်းစေခြင်းကို တားမြစ်နိုင်သည်၊ သို့တည်းမဟုတ် ကန့်သတ်နိုင်သည်။

(ဂ) ထိုအလုပ်တွင်၊ ခိုင်းစေခံရသော အလုပ်သမားများကိုသော်၎င်း၊ ထိုအလုပ်တွင်လုပ်ရန် လျှောက်ထားသူများကိုသော်၎င်း၊ ကာလအပိုင်းအခြားနှင့် ဆေးဘက်ဆိုင်ရာစစ်ဆေးမှု ပြုလုပ်ရန်အတွက် ပြဋ္ဌာန်းနိုင်သည့်ပြင်၊ ထိုအလုပ်တွင် လုပ်ရန်သင့်တော်ကြောင်း ဆေးလက်မှတ်မရသူများကို မခိုင်း စေရဟု တားမြစ် နိုင်သည်။

(ဃ) ထိုအလုပ်တွင် ခိုင်းစေခံရသူ အားလုံးကိုဖြစ်စေ၊ ထိုအလုပ်လုပ်ရာ နေရာများ အနီး၌ ခိုင်းစေခံရသူ အားလုံးကိုဖြစ်စေ၊ ကာကွယ်စောင့်ရှောက်ပေးရန် ပြဋ္ဌာန်းနိုင်သည်။

(င) အလုပ်နှင့်စပ်လျဉ်း၍ သီးခြားဖော်ပြပါ ပစ္စည်းများ၊ သို့တည်းမဟုတ် လုပ်သည့် လုပ်ငန်းများအသုံး ပြုခြင်းကို တားမြစ်နိုင်သည်၊ ကန့်သတ်နိုင်သည်၊ သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်နိုင်သည်။

ရောဂါများ ဖြစ်ပွါးကြောင်းကို နို့တစ်စာပေးပို့ခြင်း။

၂၈။ ။ (၁) ကြော်ငြာထားသည့် ရေနံမြေတွင်၊ အလုပ်လုပ်သော ရေနံအလုပ်သမား တဦးတယာက်ကို အလုပ်သမားလျော်ကြေး အက်ဥပဒေ၏ ဇယား ၃ တွင် သီးခြားဖော်ပြထားသည့် ရောဂါတမျိုးမျိုးစွဲကပ် လျှင်၊ ထိုသို့စွဲကပ်ကြောင်းကို အလုပ်ရှင်က အင်စပက်တော်ထံသို့၎င်း၊ ကြော်ငြာထားသည့် ရေနံမြေရှိရာ ခရိုင်အတွက် တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်ထံသို့၎င်း၊ ပြဋ္ဌာန်းထားသည့်ပုံစံဖြင့်၊ ပြဋ္ဌာန်းထား သည့်အကြောင်းအရာများ ဖော်ပြလျက်၊ ပြဋ္ဌာန်းထားသည့် အချိန်အတွင်း နို့တစ်စာပေးပို့ရမည်။

(၂) ဆရာဝန်တဦးတယောက်သည်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေ၏ဇယား ၃ တွင် သီးခြားဖော် ပြထားသည့် ရောဂါတမျိုးမျိုး စွဲကပ်နေသည့်၊ သို့တည်းမဟုတ် စွဲကပ်နေသည်ဟု မိမိယုံကြည်သည့်၊ ကြော်ငြာထားသောရေနံမြေ၌ အလုပ်လုပ်သူကို၊ သို့တည်းမဟုတ် အလုပ်လုပ်ခဲ့သူကို ဆေးကုသနေလျှင်၊ ထိုဆရာဝန်သည်၊ အင်စပက်တော်ရုံးသို့ အောက်ပါအချက်များ ဖော်ပြသည့်အစီရင်ခံစာ ပေးပို့ရမည်။

(က) သူနာ၏ အမည်နှင့် နေရပ်အပြည့်အစုံ၊

(ခ) မိမိသဘောအရ သူနာစွဲကပ်နေသည့် ရောဂါ၏အမည်၊ ထို့ပြင်

(ဂ) သူနာကို ခိုင်းစေသည့်၊ သို့တည်းမဟုတ် နောက်ဆုံးခိုင်းစေခဲ့သည့် အလုပ်ရှင်၏အမည်နှင့်နေရပ် အပြည့်အစုံ

(၃) ထိုဆရာဝန်မှာ၊ ဤပုဒ်မအရ ပေးပို့သော အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းသည့်အခကို ရနိုင်ခွင့်ရှိသည်။

(၄) ဆရာဝန်တဦးတယာက်သည်၊ ဤပုဒ်မခွဲ (၂) ပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ထိုဆရာဝန်သည်၊ ငွေငါးဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

မတော်တဆဖြစ်ပွါးမှုများကို နို့တစ်စာပေးပို့ခြင်း။

Myanmar Law Information System (MLIS)

၂၉။ ။ ကြော်ငြာထားသည့်ရေနံမြေတွင်၊ မတော်တဆဖြစ်ပွါး၍သေဆုံးလျှင်သော်၎င်း၊ကိုယ်အင်္ဂါထိခိုက် နာကျင်ပြီးနောက် လေးဆယ်ရှစ်နာရီမျှ၊ သို့တည်းမဟုတ် လေးဆယ်ရှစ်နာရီထက်ပို၍ အလုပ်မလုပ်နိုင် လျှင်သော်၎င်း၊ ဤကိစ္စအလို့ငှါ ပြဋ္ဌာန်းသတ်မှတ်ထားသည့် အမျိုးအစားဖြစ်သော မတော်တဆဖြစ်ပွါးမှု ဖြစ်လျှင်သော်၎င်း၊ သက်ဆိုင်ရာအလုပ်ရှင်သည်၊ ဆိုခဲ့သည့်အတိုင်းမတော်တဆ ဖြစ်ပွါးသည့်အကြောင်း ကို၊ ပြဋ္ဌာန်းသည့်ပုံစံဖြင့် နို့တစ်စာရေးသား၍ ပြဋ္ဌာန်းသည့်အချိန်အတွင်း၊ ပြဋ္ဌာန်းသည့်အာဏာ ပိုင်တို့ ထံပေးပို့ရမည်။

## အခန်း ၇။
## လူကြီးများ အလုပ်လုပ်သည့် အချိန်နာရီများ။

ရက်သတ္တပတ် အလုပ်အချိန်နာရီများ။

၃၀။ ။ ကြော်ငြာထားသည့်ရေနံမြေတွင်၊ မည်သည့်လူကြီးရေနံအလုပ်သမားကိုမျှ၊ ရက်သတ္တပတ်တ ပတ်လျှင်၊ လေးဆယ်လေးနာရီထက်ပို၍ အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

သို့ရာတွင် အလုပ်လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့် တရက်ပတ်လုံး အဆက် မပြတ်လုပ်ရမည့်အလုပ်တွင်၊ လုပ်သည့်လူကြီးရေနံအလုပ်သမားသည်၊ ရက်သတ္တတပတ်တွင် လေးဆယ် ရှစ်နာရီမျှ အလုပ်လုပ်နိုင်သည်။

ရက်သတ္တပတ်အလုပ်ပိတ်ရက်များ။

၃၁။ ။ (၁) မည်သည့်လူကြီးရေနံအလုပ်သမားကိုမျှ၊ အောက်ပါအချက်များနှင့် မညီညွတ်လျှင်၊ တနင်္ဂနွေနေ့၌ ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

(က) ထိုအလုပ်သမားသည်၊ တနင်္ဂနွေနေ့မတိုင်မီ သုံးရက်အနက် တရက်ရက်တွင် အလုပ်ပိတ်ရက်တ ရက်လုံး ရပြီးဖြစ်ရမည်၊ သို့တည်းမဟုတ် ထိုတနင်္ဂနွေနေ့နောက်သုံးရက်အနက်၊ တရက်ရက်တွင် အလုပ် ပိတ်ရက် တရက်လုံးရမည်ဖြစ်ရမည်။ ထို့ပြင်

(ခ) အလုပ်ရှင်သည်၊ ထိုတနင်္ဂနွေနေ့၊ သို့တည်းမဟုတ် အပိုဒ် (က) အရ၊ ထိုနေ့အဘို့ အစားသွင်း သည့်နေ့၊ ထိုနေ့များအနက် အလျင်ကျသည့်နေ့မတိုင်မီ-

(၁) ထိုရေနံအလုပ်သမားကို၊ ထိုတနင်္ဂနွေနေ့၌ အလုပ်လုပ်စေရန်မိမိကြံရွယ်ကြောင်း၊ ထိုနေ့အဘို့ မည် သည့်နေ့ကို အစားသွင်းကြောင်း၊ အင်စပက်တော်၏ရုံးသို့ နို့တစ်စာ ပေးပြီးဖြစ်ရမည်။ ထို့ပြင်

(၂) တနင်္ဂနွေနေ့တွင်ဖြစ်စေ၊ အစားသွင်းသည့်နေ့တွင်ဖြစ်စေ၊ အလုပ်စတင်လုပ်သည့် အချိန်မတိုင်မီ၊ အနည်းဆုံး နှစ်ဆယ်လေးနာရီက ကြိုတင်၍ ယင်းသို့ကြံရွယ်ကြောင်း နို့တစ်စာကိုမြင်သာအောင် ကပ် ထားပြီးဖြစ်ရမည်။

သို့ရာတွင်၊ ရေနံအလုပ်သမား တဦးတယောက်အား၊ အလုပ်ပိတ်ရက်တရက်လုံးမရစေဘဲ၊ အဆက် မပြတ် ဆယ်ရက်ထက်ပို၍ အလုပ်လုပ်ရခြင်းကို ဖြစ်စေမည့်၊ မည်သည့်ရက်အစားသွင်းခြင်းကိုမျှ မပြုရ။

(၂) ပုဒ်မခွဲ (၁) အရ ပေးသည့်နို့တစ်စာများကို၊ တနင်္ဂနွေနေ့၊ သို့တည်းမဟုတ် ပယ်ဖျက်မည်ဖြစ်သည့်အ လုပ်ပိတ်ရက်၊ ထိုနေ့များအနက် အလျင်ကျသည့်နေ့မတိုင်မီ ရက်တရက်ထက်နောက်မကျဘဲ၊ အင်စပက် တော်၏ရုံးသို့ ပေးအပ်သည့်



Myanmar Law Information System (MLIS)

နို့တစ်စာဖြင့်၎င်း၊ ပုဒ်မ ၃၀ အရကပ်ထားသည့်အလုပ်ချိန် နို့တစ်စာ၏ အနီး တွင် မြင်သာအောင် ကပ်ထားသည့် နို့တစ်စာဖြင့်၎င်း ပယ်ဖျက်နိုင်သည်။

(၃) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ရေနံအလုပ်သမားသည် တနင်္ဂနွေနေ့၌ အလုပ်လုပ်၍၊ ထိုနေ့မတိုင်မီ သုံးရက်အနက်၊ တရက်ရက်တွင်အလုပ်ပိတ်ရက် ရပြီးဖြစ်သည့်အချက်တွင် ထိုတနင်္ဂနွေ နေ့ကို၊ ထိုအလုပ်သမား ရက်သတ္တပတ် အလုပ်လုပ်သည့်အချိန် တွက်ချက်ရန်အလို့ငှါ၊ လွန်ခဲ့သည့်ရက် သတ္တပတ်တွင် ထည့်သွင်းရမည်။

<ပြင်ဆင် 08.10.1953>

အစားပေးသည့် အလုပ်ပိတ်ရက်များ။

၃၂။ ။ (၁) ဤအက်ဥပဒေပြဋ္ဌာန်းချက်များအရ၊ ကြော်ငြာထားသည့်ရေနံမြေကို၊ သို့တည်းမဟုတ် ရေနံအ လုပ်သမားများကို၊ ပုဒ်မ ၃၁ ရှိပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်းကြောင့်ဖြစ်စေ၊ နည်းဥပဒေပြုလုပ်ခြင်းကြောင့်ဖြစ်စေ၊ ထိုပုဒ်မရှိ ပုဒ်မခွဲ(၁) ဖြင့်၊ ပြဋ္ဌာန်းသည့်ရက်သတ္တပတ် အလုပ် ပိတ်ရက်များအနက် တရက်ရက်ကို အလုပ်သမားအား ခံစားခွင့်မပေးလျှင်၊ ထိုသူအား အလုပ်ပိတ်ရက် များရသင့်သည်ပြက္ခဒိန်လအတွင်းတွင်ဖြစ်စေ၊ နောက်လာမည့်ပြက္ခဒိန်လ နှစ်လအတွင်းတွင်ဖြစ်စေ၊ မိမိ ဆုံးရှုံးသောအလုပ်ပိတ်ရက် အရေအတွက်နှင့်ညီမျှသော အစားပေးသည့်အလုပ်ပိတ်ရက်များကို ခွင့်ပြုရ မည်။

(၂) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် အလုပ်ပိတ်ရက်များကို မည်သို့မည်ပုံ ခွင့်ပြုရမည်ဟု ပြဋ္ဌာန်းနိုင်သည်။

နေ့စဉ်အလုပ်ချိန်နာရီများ။

၃၃။ ။ ပုဒ်မ ၃၀ ပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မည်သည့်လူကြီးရေနံအလုပ်သမားကိုမျှ ကြော် ငြာထားသည့်ရေနံမြေ၌၊ မည်သည့်ရက်တွင်မဆို၊ အလုပ်ချိန်နာရီပေါင်း ရှစ်နာရီထက်ပို၍ အလုပ်မလုပ် စေရ၊ သို့တည်းမဟုတ် လုပ်ကိုင်ခွင့်မပြုရ။

အားလပ်ချိန်များ။

၃၄။ ။ လူကြီးရေနံအလုပ်သမားများ ရက်အသီးသီးတွင် အလုပ်လုပ်သည့် ကာလအပိုင်းအခြားများကို သတ်မှတ်ရာ၌၊ မည်သည့်ကာလအပိုင်းအခြားမျှ ငါးနာရီထက်မပိုစေရ။ ထို့ပြင် မည်သည့်ရေနံအလုပ်သ မားကိုမျှ အနည်းဆုံးနာရီဝက်နားနေရန် အားလပ်ချိန်မရသေးမီ၊ ငါးနာရီထက်ပို၍သော်၎င်း၊ အားလပ်ချိန်နှစ်ကြိမ်မရသေးမီ၊ ရှစ်နာရီထက်ပို၍သော်၎င်း အလုပ်မလုပ်စေရ။

အလုပ်လုပ်ရန် အချိန်နာရီပေါင်း။

၃၅။ ။ လူကြီးရေနံအလုပ်သမား အလုပ်လုပ်သည့် ကာလအပိုင်းအခြားများနှင့် ပုဒ်မ ၃၄ အရ ထိုသူရရှိ သည့်အားလပ်ချိန်များသည်၊ တနေ့လျှင်နာရီပေါင်း ဆယ်နာရီထက်ပို၍ မကြာရအောင်စီမံထားရမည်။ သို့ရာတွင် နိုင်ငံ တော်သမတ၏ ခွင့်ပြုချက်ဖြင့်၊ ယေဘုယျအားဖြင့်ဖြစ်စေ၊ ကြော်ငြာထားသည့် သီးခြား ရေနံမြေအတွက်ဖြစ်စေ၊ နိုင်ငံတော်သမတပြဋ္ဌာန်းသည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ ထိုနာရီ ပေါင်းထက်ပို၍ စီမံထားနိုင်သည်။

ညလုပ်ညဖွဲ့များ။

Myanmar Law Information System (MLIS)

၃၆။ ။ ကြော်ငြာထားသည့် ရေနံမြေတွင် ရေနံအလုပ်သမားသည်၊ ညဥ့်သန်းခေါင်ချိန်ထက် ကျော်လွန်၍ လုပ်သည့်အလုပ်၌၊ အလုပ်လုပ်လျှင်၊ ထို့သူ့အတွက်နောက်လာမည့်နေ့မှာ၊ ယင်းသို့သောအလှည့်ကုန် သည့် အခါကစ၍၊ နှစ်ဆယ်လေးနာရီ ကာလအပိုင်းအခြားဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ညဥ့်သန်း ခေါင်ချိန်ကျပြီးနောက်၊ ထိုသူအလုပ်လုပ်သည့် အချိန်နာရီများကို လွှန်ခဲ့သည့်ရက်ထဲသို့ထည့်၍တွက်ရ မည်။

သို့ရာတွင် နိုင်ငံတော်သမတသည်၊ သီးခြားကြော်ငြာထားသည့် ရေနံမြေဖြစ်လျှင်၊ နောက်လာမည့်ရက် မှာ ယင်းသို့သောအလှည့် အစပြုသည့်အခါကစ၍ ရေတွက်သောနှစ်ဆယ်လေးနာရီ ကာလအပိုင်းအခြား ဖြစ်သည်ဟု မှတ်ယူရမည်ဟူ၍၎င်း၊ ညဥ့်သန်းခေါင်မတိုင်မီ အလုပ်လုပ်သည့်အချိန်နာရီများကို၊ နောက် လာမည့် ရက်ထဲသို့ထည့်၍တွက်ရမည်ဟူ၍၎င်း၊ အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

ထပ်နေသောအလှည့်များကို တားမြစ်ခြင်း။

၃၇။ ။ (၁) ကြော်ငြာထားသည့် ရေနံမြေတွင်တမျိုးတည်းသော အလုပ်၌၊ တချိန်တည်းအလှည့်ကျ လူစုတ စုထက်ပို၍လုပ်ရန် စီစဉ်ထားသောအလှည့်ကျလုပ်သည့် စံနစ်ဖြင့် အလုပ်မလုပ်ရ။

(၂) နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့်ရေနံမြေတခုခုကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ပုဒ်မခွဲ(၁)နှင့် သက်ဆိုင်ခြင်းမှကင်းလွတ်စေသည့် နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

လူကြီးရေနံအလုပ်သမားအတွက် အလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာ။

၃၈။ ။ (၁) လူကြီးများအလုပ်လုပ်ရန် ကာလအပိုင်းအခြားများဆိုင်ရာ နို့တစ်စာတစောင်ကို၊ သို့တည်းမ ဟုတ် နို့တစ်စာများကို၊ နေ့စဉ်မည်သည့်ကာလအပိုင်းအခြားတွင် လူကြီးရေနံအလုပ်သမားများအား၊ အလုပ်လုပ်စေမည့်အကြောင်း၊ နေ့တိုင်းအတွက် ရှင်းလင်းစွာဖော်ပြလျက်၊ မြင်သာသောနေရာ၊ သို့တည်း မဟုတ် နေရာများတွင်ကပ်ထားရမည့်ပြင်၊ မှန်ကန်စွာလည်းထားရှိရမည်။

(၂) ပုဒ်မခွဲ(၁)အရ လိုအပ်သည့် နို့တစ်စာများတွင် ဖော်ပြထားသည့် ကာလအပိုင်းအခြားများကို ဤပုဒ်မရှိ အောက်ဖော်ပြပါပြဋ္ဌာန်းချက်များနှင့်အညီ ကြိုတင်သတ်မှတ်ရမည့်ပြင်၊ ထိုကာလအပိုင်း အခြားများအတွက် အလုပ်လုပ်နေသည့် ရေနံအလုပ်သမားများမှာ၊ ပုဒ်မ၃၀၊ ၃၁၊ ၃၃၊ ၃၄၊ နှင့် ၃၅ ရှိပြဋ္ဌာန်းချက်များအနက် ပြဋ္ဌာန်းချက် တခုခုကိုဆန့်ကျင်၍ အလုပ်လုပ်ရာ မရောက်အောင်လည်း သတ်မှတ်ထားရမည်။

(၃) ကြော်ငြာထားသည့်ရေနံမြေရှိ လူကြီးရေနံအလုပ်သမားအားလုံးကို တချိန်တည်းဖြစ်သော ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေလျှင်၊ ကြော်ငြာထားသည့်ရေနံမြေဆိုင်ရာအလုပ်ရှင်သည် ထိုကာလအပိုင်းအခြားများကို ယေဘုယျအားဖြင့် ထိုရေနံအလုပ်သမားများအတွက် သတ်မှတ်ရမည်။

(၄) ကြော်ငြာထားသည့် ရေနံမြေရှိလူကြီးရေနံအလုပ်သမားအားလုံးကို တချိန်တည်းဖြစ်သော ကာလအ ပိုင်းအခြားများအတွင်း အလုပ်လုပ်စေသည်မဟုတ်လျှင်၊ ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာအလုပ်ရှင် သည်၊ ထိုရေနံအလုပ်သမားတို့ကို သူတို့၏အလုပ်အမျိုးအစားအလိုက် လူစုများခွဲခြားထားရမည်။

(၅) အလှည့်ကျလုပ်ရသည့်စနစ်အရ အလုပ်လုပ်ရန်မလိုသည့် လူစုအသီးသီးအတွက် ကြော်ငြာထား သည့်ရေနံမြေဆိုင်ရာ အလုပ်ရှင်သည် ထိုလူစုအား မည်သည့်ကာလအပိုင်းအခြားအတွင်း အလုပ်လုပ်စေ မည်ကို သတ်မှတ်ရမည်။

(၆) လူစုတစုကို အလှည့်ကျလုပ်သည့်နည်းစံနစ်အရ၊ အလုပ်လုပ်စေသည့်ပြင်၊ အလှည့်ကျလူစုများကို လည်း ကြိုတင်သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအားဖြင့် အလှည့်ပြောင်းလဲ၍ အလုပ်မလုပ်စေ လျှင်၊ ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာအလုပ်ရှင်သည်၊ ထိုလူစုမှအလှည့်ကျလူစုအသီးသီးအား မည် သည့်ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေမည်ကို သတ်မှတ်ရမည်။

(၇) လူစုတစုကို အလှည့်ကျလုပ်သည့်နည်းစံနစ်အရ အလုပ်လုပ်စေမည်ဖြစ်သည့်ပြင်၊ အလှည့်ကျလူစု များကိုလည်း ကြိုတင်သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအားဖြင့် အလှည့်ပြောင်းလဲ၍ အလုပ် လုပ်စေရမည်ဖြစ်လျှင်၊ ကြော်ငြာထားသည့် ရေနံမြေဆိုင်ရာအလုပ်ရှင်သည် ထိုလူစုမှ အလှည့်ကျလူတစု အား မည်သည့်ကာလအပိုင်းအခြားများအတွင်း အလုပ်လုပ်စေမည့်အကြောင်းနှင့်၊ ဆိုင်ရာရက်အတွင်း ဆိုင်ရာအချိန်အခါ၌ အလုပ်လုပ်မည့် ကြိုတင်အလှည့်ကျလူစုကို၊ မည်သည့်ရက်တွင်မဆို ကြိုတင်သိရှိ စေနိုင်မည့် စီမံချက်တရပ်ကို စီစဉ်ရေးဆွဲရမည်။

(၈) နိုင်ငံတော်သမတသည်၊ ပုဒ်မခွဲ(၁)အရ၊ လိုအပ်သည့်နို့တစ်စာကို မည်သည့်ပုံစံများဖြင့် မည်သို့ ထားရှိ ရမည်ကို ပြဋ္ဌာန်းနိုင်သည်။

(၉) အလုပ်ရှင်သည်၊ ဤအက်ဥပဒေအာဏာတည်သည့်နေ့နောက်မှ အလုပ်စတင်လုပ်လျှင်၊ ပုဒ်မခွဲ(၁) တွင်ရည်ညွှန်းထားသည့် နို့တစ်စာ၏မိတ္တူနှစ်စောင်ကို ထိုအလုပ်ရှင်စတင်အလုပ်လုပ်သည့်နေ့ရက် မ တိုင်မီ အင်စပက်တော်ထံသို့ ပေးပို့ရမည်။

(၁၀) ပုဒ်မခွဲ(၁) တွင်ရည်ညွှန်းထားသည့်နို့တစ်စာတွင် ပြောင်းလဲရန်လိုအပ်စေမည့် အလုပ်လုပ်သော နည်းစံနစ် ပြောင်းလဲရန်စီမံသည့်အကြောင်း နို့တစ်စာ၏မိတ္တူနှစ်စောင်ကို ပြောင်းလဲခြင်းမပြုလုပ်မီ၊ အလုပ်ရှင်က အင်စပက်တော်ထံသို့ ပေးပို့ရမည်။ ထို့ပြင် ယင်းသို့ပြောင်းလဲခြင်းကို အင်စပက်တော်၏အ ခွင့်အမိန့်ကို ကြိုတင်မရဘဲ နောက်ဆုံးပြောင်းလဲခြင်း ပြုခဲ့သည့်နေ့ရက်မှ ရက်သတ္တတပတ် မကျော်လွန် မီ မပြုလုပ်ရ။

လူကြီးရေနံအလုပ်သမားများ မှတ်ပုံတင်စာအုပ်။

၃၉။ ။ အလုပ်ရှင်အသီးသီးသည်-

(က) လူကြီးရေနံအလုပ်သမား အသီးသီး၏အမည်။

(ခ) ထိုသူလုပ်သည့် အလုပ်အမျိုးအစား။

(ဂ) ထိုသူပါဝင်သည့် လူစုရှိလျှင်၊ ထိုလူစု။

(ဃ) ထိုသူပါဝင်သည့် လူစုသည် အလှည့်ကျအလုပ်လုပ်လျှင်၊ ထိုသူအား မည်သည့်အလှည့်ကျ လူစုသို့ သတ်မှတ်ချထားကြောင်း။

(င) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများကိုဖေါ်ပြသည့် လူကြီးရေနံအလုပ်သမားများ မှတ်ပုံ တင်စာအုပ်ကို ထားရှိရမည်။ ထိုစာအုပ်ကို အလုပ်ချိန်အတွင်း အင်စပက်တော်က အချိန်မရွေး ကြည့်ရှု နိုင်အောင်ထားရှိရမည်။

Myanmar Law Information System (MLIS)

သို့ရာတွင် အလုပ်ရှင်ထားရှိသည့် အလုပ်သမားစာရင်းသည်၊ သို့တည်းမဟုတ် မှတ်ပုံတင်စာအုပ်သည် ထိုသူခိုင်းစေထားသည့် ရေနံအလုပ်သမားတဦးတယောက်၊ သို့တည်းမဟုတ် ရေနံအလုပ်သမားအားလုံး နှင့် စပ်လျဉ်း၍၊ ဤပုဒ်မအရ၊ လိုအပ်သည့်အကြောင်းအရာများကို ပြည့်စုံစွာဖေါ်ပြသည်ဟု အင်စပက်တော်ကထင်မြင်လျှင်၊ ထိုအလုပ်သမားစာရင်းကို၊ သို့တည်းမဟုတ် မှတ်ပုံတင်စာအုပ်ကို အဆိုပါအကြောင်းအရာများပါရှိသည်နှင့်အမျှ ထိုအလုပ်ရှင်ခိုင်းစေထားသည့် လူကြီးရေနံအလုပ်သမားများ မှတ်ပုံတင်စာအုပ်အစား ထားရှိရမည်ဟုငှင်း၊ ထိုစာအုပ်ဖြစ်ဘိသကဲ့သို့ မှတ်ယူရမည်ဟုငှင်း အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊ လူကြီးရေနံအလုပ်သမား မှတ်ပုံတင်စာအုပ်ပုံစံ၊ ထိုမှတ်ပုံတင်စာအုပ်ကို ထားရှိရမည့်နည်းလမ်း၊ ထို့ပြင် ထိုမှတ်ပုံတင်စာအုပ်ကို မပျက်မစီးအောင်သိမ်းထားရမည့် ကာလအပိုင်း အခြားကို ပြဋ္ဌာန်းနိုင်သည်။

အလုပ်လုပ်သည့် အချိန်နာရီများသည်၊ ပုဒ်မ ၃၈ အရ၊ ကပ်ထားရမည့် နို့တစ်စာနှင့်ငှင်း၊ ပုဒ်မ ၃၉ အရ ထားရှိရမည့်မှတ်ပုံတင် စာအုပ်နှင့်ငှင်းညီညွတ်စေခြင်း။

၄၀။ ။ မည်သည့်လူကြီးရေနံအလုပ်သမားကိုမျှ၊ ပုဒ်မ ၃၈ ရှိ ပုဒ်မခွဲ (၁) အရ မြင်သာအောင် ကပ်ထားသည့် လူကြီးများ အလုပ်လုပ်ရန်ကာလအပိုင်းအခြားများဆိုင်ရာ နို့တစ်စာနှင့်အညီမှ လွဲ၍၊ ထို့ပြင်ပုဒ်မ ၃၉ အရ ထားရှိသည့် လူကြီးရေနံအလုပ်သမားများ မှတ်ပုံတင်စာအုပ်တွင်၊ ထိုသူ၏အမည် နှင့်ယှဉ်လျက် ကြိုတင်ရေးသွင်းထားသည့် ရေးသွင်းချက်များနှင့်အညီမှလွဲ၍၊ ကြော်ငြာထားသည့် ရေနံမြေတွင် အခြားနည်းဖြင့် ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

ကင်းလွတ်ခွင့်ပြုသည့် နည်းဥပဒေများ ပြုလုပ်ပိုင်ခွင့်အာဏာ။

၄၁။ ။ (၁) နိုင်ငံတော်သမတသည်၊ ကြော်ငြာထားသည့်ရေနံမြေတွင် ကြီးကြပ်ကြည့်ရှုသည့်အလုပ်၊ သို့တည်းမဟုတ် စီမံအုပ်ချုပ်သည့် အလုပ်လုပ်သူတို့ကိုသော်ငှင်း၊ လျှို့ဝှက်အပ်သည့်အလုပ်တွင် ခိုင်းစေ ထားသူကိုသော်ငှင်း၊ အဓိပ္ပါယ်ဖေါ်ပြသည့် နည်းဥပဒေများပြုလုပ်နိုင်သည့်ပြင်၊ ပုဒ်မ ၄၃ ရှိပုဒ်မခွဲ (၁) အပိုဒ်၊ (ခ) ပါပြဋ္ဌာန်းချက်များနှင့် ထိုပုဒ်မခွဲရှိခြွင်းချက်မှ လွဲ၍၊ ဤအခန်းရှိပြဋ္ဌာန်းချက်များသည် ယင်း သို့သော အဓိပ္ပါယ်ဖေါ်ပြထားသူ တဦးတယောက်နှင့်မျှမသက်ဆိုင်စေရ။

(၂) နိုင်ငံတော်သမတသည်၊ လူကြီးရေနံအလုပ်သမားများအတွက် နည်းဥပဒေများ ပြုလုပ်နိုင်သည်။ ထို နည်းဥပဒေများသည် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ ပြဋ္ဌာန်းထားသည် အထိ-

(က) အရေးတကြီးပြင်ရန်အလုပ်တွင် လုပ်သည့်ရေနံအလုပ်သမားများကို၊ ပုဒ်မ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄နှင့် ၃၅ ရှိပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ခ) ကန့်သတ်ထားသည့် အလုပ်ချိန်မှ လွန်လျက်လုပ်ရန် လိုအပ်သည့် ကြိုတင်စီမံလုပ်ရသော အလုပ်မျိုး နှင့်ပြည့်စုံစေရန် လုပ်ရသော အလုပ်မျိုးတွင်လုပ်သည့် ရေနံအလုပ်သမားများကို၊ ပုဒ်မ၃၀၊ ၃၃၊ ၃၄ နှင့် ၃၅ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။



Myanmar Law Information System (MLIS)

(ဂ) ကြိုးကြားကြိုးကြားမျှသာ လုပ်ရန်လိုခြင်းကြောင့်၊ အလုပ်သမားများ အလုပ်ဝတ်တရား ဆောင်ရွက်နေစဉ် ထိုသူတို့ အလုပ်မလုပ်ဘဲ နေရသည့်ကြားအချိန်နာရီများမှာ၊ သာမန်အားဖြင့်ပုဒ်မ ၃၄ အရ လိုအပ်သည့်အားလပ်ချိန်များထက်ပိုလျှင်၊ ထိုအလုပ်မျိုးတွင် လုပ်သည့်ရေနံအလုပ်သမားများကို ပုဒ်မ၃ဝ၊ ၃၃၊ ၃၄နှင့် ၃၅ ရှိ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ ကင်းလွတ်စေနိုင်သည်။

(ဃ) အလုပ်လုပ်နည်းနှင့် စပ်လျဉ်းသည့် အကြောင်းထူးများကြောင့်၊ တရက်ပတ်လုံး အဆက်မပြတ် လုပ်ရမည့် အလုပ်တခုခုတွင် လုပ်သည့် ရေနံအလုပ်သမားများတို့၊ ပုဒ်မ ၃ဝ၊ ၃၁၊ ၃၃၊ ၃၄ နှင့် ၃၅ ရှိ ပြ ဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှကင်းလွတ်စေနိုင်သည်။

(င) ရေနွေးအိုးရုံများတွင်ဖြစ်စေ၊ စက်ခန်းများတွင်ဖြစ်စေ လုပ်သည့်၊ သို့တည်းမဟုတ်၊ အားပေးစက်ကို ဖြစ်စေ၊ အားပို့စက်ကိုဖြစ်စေ၊ ကြည့်ရှုလုပ်သည့် ရေနံအလုပ်သမားများကို ပုဒ်မ ၃ဝ နှင့် ၃၁ရှိပြဋ္ဌာန်း ချက်များနှင့် သက်ဆိုင်ခြင်းမှကင်းလွတ်စေနိုင်သည်။

(၃) ကင်းလွတ်ခွင့်တခုခုပြဋ္ဌာန်းသည့်ပုဒ်မခွဲ (၂) အရ၊ ပြုလုပ်သောနည်းဥပဒေများသည်၊ နိုင်ငံတော်သ မတက သင့်သည်ထင်မြင်သည့်အတိုင်း၊ နိုင်ငံတော်သမတပြဋ္ဌာန်းသည့်စည်းကမ်းချက်များနှင့် မဆန့် ကျင်စေဘဲ၊ ပုဒ်မ ၃၈ ရှိ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုရန် ပြဋ္ဌာန်းနိုင်သည်။

(၄) ဤပုဒ်မအရ နည်းဥပဒေများပြုလုပ်ရာတွင် နိုင်ငံတော်သမတသည်၊ ရေနံအလုပ်သမားအမျိုးအစား အားလုံးအတွက်၊ ရက်သတ္တတပတ်တွင် အများဆုံးအလုပ်လုပ်သည့် အချိန်နှင့်စပ်လျဉ်း၍၊ ကန့်သတ် ချက်များနှင့်မဆန့်ကျင်ရ။

(၅) ဤပုဒ်မအရ ပြုလုပ်သည့် နည်းဥပဒေများမှာ၊ သုံးနှစ်ထက်ပို၍ အာဏာမတည်စေရ။

(၆) နိုင်ငံတော်သမတသည်၊ ဤအခန်းရှိ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန်အလို့ငှါ၊ သင့်သည်ထင်မြင်သည့်အတိုင်း၊ အခြားကိစ္စတခုခုအတွက် ပြဋ္ဌာန်းရန် နည်းဥပဒေများပြုလုပ်နိုင်သည်။

ကင်းလွတ်ခြင်း ပြုသည့်အမိန့်များ ပြုလုပ်ပိုင်ခွင့်အာဏာ။

၄၂။ ။ (၁) လုပ်သည့် အလုပ်အမျိုးအစားကြောင့်သော်၎င်း၊ အခြားအကြောင်းအချက်များကြောင့်သော် ၎င်း၊ လူကြီးရေနံအလုပ်သမားများ အလုပ်လုပ်သည့် အချိန်ကာလအပိုင်းအခြားများကို၊ ကြိုတင်၍သတ် မှတ်ရန်မသင့်ဟု နိုင်ငံတော်သမတက ထင်မြင်လျှင်၊ နိုင်ငံတော်သမတသည်၊ မိမိသင့်လျော်သည် ထင် မြင်သမျှ၊ သင့်လျော်သည် ထင်မြင်သည့်နည်းလမ်းအတိုင်း၊ အလုပ်လုပ်သည့် ကာလအပိုင်းအခြားများ ကို၊ ထိရောက်စွာ ကြီးကြပ်အုပ်ချုပ်နိုင်ရန် မိမိသင့်သည်ထင်မြင်သော စည်းကမ်းချက်များကိုထားလျက်၊ ထိုအလုပ်သမားများနှင့်စပ်လျဉ်း၍၊ ပုဒ်မ ၃၈ ရှိပြဋ္ဌာန်းချက်များကို၊ အမိန့်စာဖြင့် လျော့ပေါ့အတည်ပြု နိုင်သည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်။

(၂) နိုင်ငံတော်သမတကသော်၎င်း၊ နိုင်ငံတော်သမတ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာ၍၊ အင်စပက် တော်ကသော်၎င်း၊ ကြော်ငြာထားသည့်ရေနံမြေအား၊ သို့တည်းမဟုတ် ထိုရေနံမြေ၏တစိတ်တဒေသ အား၊ အထူးသဖြင့်များပြားလှသော အလုပ်များကို လုပ်နိုင်စေရန်အလို့ငှါ၊ ကင်းလွတ်ခွင့်ပြုရန် လိုအပ်သည်ဟူသောအကြောင်းကြောင့်၊ ကြော်ငြာထားသည့် ရေနံမြေတွင် လုပ်သည့်လူကြီးရေနံအလုပ် သမားတဦးတယောက်၊ သို့တည်းမဟုတ် လူကြီးရေနံအလုပ်သမားအားလုံးကို၊ နိုင်ငံတော်သမတက၊ သို့တည်းမဟုတ်

Myanmar Law Information System (MLIS)

အင်စပက်တော်ကသင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ ထား၍ပုဒ်မ ၃၀၊ ၃၁၊ ၃၃၊ ၃၄၊ ၃၅ နှင့် ၃၈ ရှိပြဋ္ဌာန်းချက်တခုခုမှ၊ သို့တည်းမဟုတ် ပြဋ္ဌာန်းချက် အားလုံးမှ အမိန့်စာဖြင့်ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၃) ရက်သတ္တတပတ်လျှင် အလုပ်လုပ်သည့်အချိန်နှင့် စပ်လျဉ်း၍၊ ပုဒ်မခွဲ (၂) အရ၊ ခွင့်ပြုသည့် ကင်း လွတ်ချက်သည်၊ ပုဒ်မ ၄၁ ရှိပုဒ်မခွဲ (၄) အရ ပြဋ္ဌာန်းထားသည့် အများဆုံးအချိန်ကန့်သတ်ချက်များနှင့် မဆန့်ကျင်စေရ။

(၄) ပုဒ်မခွဲ (၂) အရ ထုတ်ဆင့်သည့်အမိန့်သည်၊ ထိုအမိန့်တွင် သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအ ခြားမျှသာ အတည်ဖြစ်ရမည်။ သို့ရာတွင် အလုပ်ရှင်အား၊ ထိုအမိန့်ထုတ်ဆင့်ကြောင်း နို့တစ်စာပေးသည့် နေ့မှစ၍ နှစ်လထက်ပို၍ အတည်မဖြစ်စေရ။

သို့ရာတွင် ပြည်သူ့အကျိုးငှါ၊ လိုအပ်သည်ဟု နိုင်ငံတော်သမတက ထင်မြင်သဘောရရှိလျှင်၊ နိုင်ငံတော်သမတသည်၊ ပြန်တမ်းတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကျေညာ၍ ထိုအမိန့်အတည်ဖြစ်သည့် ကာလအပိုင်းအခြားကို အမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့် ကာလအပိုင်းအခြားအထိ အခါအား လျော်စွာ တိုးမြှင့်ပေးနိုင်သည်။ ထိုသို့တိုးမြှင့်သောကာလအပိုင်းအခြားသည် တကြိမ်လျှင် ခြောက်လ ထက်မပိုစေရ။

မိန်းမများ ခိုင်းစေခြင်းနှင့်စပ်လျဉ်း၍၊ နောက်ထပ်ကန့်သတ်ချက်များ။

၄၃။ ။ (၁) ဤအခန်းရှိပြဋ္ဌာန်းချက်များကို ကြော်ငြာထားသည့် ရေနံမြေတွင်လုပ်သည့်မိန်းမရေနံ အလုပ်သမားနှင့် သက်ဆိုင်စေရာတွင်၊ အောက်ပါနောက်ထပ်ကန့်သတ်ချက်များဖြင့် ထပ်ဖြည့်စွက်ရ မည်။

(က) မိန်းမတိုင်းနှင့်စပ်လျဉ်း၍၊ ပုဒ်မ ၃၃ ရှိပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်မပြုရ။

(ခ) ညနေ ခြောက်နာရီမှ နံနက်ခြောက်နာရီထိ အချိန်အတွင်း မည်သည့်မိန်းမကိုမျှ ကြော်ငြာထား သည့်ရေနံမြေတွင် မခိုင်းစေရ။ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။ ထို့ပြင်

(ဂ) (၁) ကြော်ငြာထားသည့် ရေနံမြေတွင် ခိုင်းစေခံရသော မိန်းမအားလုံးအတွက် အလုပ်လုပ်ချိန် ကာလအပိုင်းအခြားမှာ အတူတူပင်ဖြစ်မည်။ ထို့ပြင်

(၂) အထူးအကြောင်းများကြောင့် အင်စပက်တော်က ခွင့်ပြုသည့်အခါမှတပါး၊ မိန်းမအလုပ်သားတို့၏ အလုပ်လုပ်ချိန်ကာလ အပိုင်းအခြားကို၊ ပြက္ခဒိန်လ မည်သည့်လတွင်မဆို၊ တကြိမ်ထက်ပို၍ ပြောင်းလဲ ခြင်းမပြုရ။

အချိန်ပို လုပ်ရသည့်အတွက် အခပို။

၄၄။ ။ (၁) ရေနံအလုပ်သမား တဦးတယောက်သည်၊ ကြော်ငြာထားသည့် ရေနံမြေတွင်၊ ပုဒ်မ ၃၀ နှင့် ၃၃ တွင်သတ်မှတ်ထားသည့် အချိန်ထက်ပို၍ လုပ်ရလျှင် ထိုသူသည် မိမိအချိန်ပိုလုပ်ရသည့်အတွက် မိမိသာ မန်ရရှိသည့် အခနှုန်း၏ နှစ်ဆရစေရမည်။

(၂) ရေနံအလုပ်သမားတဦးတယောက်သည်၊ အသိအမှတ်ပြုထားသည့် သာမန်အလုပ်ပိတ်ရက်၌ အလုပ် လုပ်ရလျှင်၊ ထိုသူသည် မိမိလုပ်ရသည့်အချိန်နာရီအတွက်၊ မိမိသာမန်ရရှိသည့် အခနှုန်း၏နှစ်ဆရစေရ မည်။

(၃) ရေနံအလုပ်သမားများကို ပုတ်ပြတ်နှုန်းပေါ်တွင် အခြေပြု၍ အခပေးလျှင်၊ နိုင်ငံတော်သမတသည်၊ ဖွဲ့စည်းသည့် အလုပ်သမားဆိုင်ရာ တွဲဘက်အကြံပေးအဖွဲ့နှင့်တိုင်ပင်၍၊ ဤပုဒ်မအလို့ငှါ၊ အချိန်နာရီအ လိုက် အခနှုန်းများကို၊ ထိုရေနံအလုပ်သမားများလုပ်၍ရသည့် ငွေ၏ပျမ်းမျှရနှုန်းနှင့် တူညီနိုင်သမျှတူညီ အောင် သတ်မှတ်ရမည့်ပြင်၊



Myanmar Law Information System (MLIS)

ယင်းသို့သတ်မှတ်သည့်အခန္တန်းများသည်၊ ထိုရေနံအလုပ်သမားများ၏ သာမန်အခန္တန်းများဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၄) နိုင်ငံတော်သမတသည်၊ ဤပုဒ်မရှိပြဋ္ဌာန်းချက်များကို လိုက်နာစေရန်အလို့ငှါ၊ ကြော်ငြာထားသည့် ရေနံမြေတွင် ထားရှိရမည့်မှတ်ပုံတင်စာအုပ်များ ပြဋ္ဌာန်းနိုင်သည်။

ရှင်းလင်းချက်။ ။ ဤပုဒ်မအရ ပေးရမည့် အခပိုကို တွက်ချက်ရန်အလို့ငှါ၊ "အခ" ဆိုသည်မှာ၊ မည်သည့် စရိတ်မျှမပါသော အခသက်သက်ဖြစ်သည်ဟု မှတ်ယူရမည်။

<ပြင်ဆင် 08.10.1953>

## အခန်း ၈။

## အခမပျက်ခွင့်ရက်များ။

၄၅။ ။ ပယ်ဖျက်

<ပြင်ဆင် 22.10.1951>

၄၆။ ။ ပယ်ဖျက်

<ပြင်ဆင် 22.10.1951>

၄၇။ ။ ပယ်ဖျက်

<ပြင်ဆင် 22.10.1951>

၄၈။ ။ ပယ်ဖျက်

<ပြင်ဆင် 22.10.1951>

၄၉။ ။ ပယ်ဖျက်

<ပြင်ဆင် 22.10.1951>

၅၀။ ။ ပယ်ဖျက်

<ပြင်ဆင် 22.10.1951>

၅၁။ ။ ပယ်ဖျက်

<ပြင်ဆင် 22.10.1951>

## အခန်း ၉။

## လူငယ်များခိုင်းစေခြင်း။

ငယ်ရွယ်သောကလေးများ ခိုင်းစေခြင်းကိုတားမြစ် ခြင်း။

၅၂။ ။ အသက်ဆယ့်သုံးနှစ် မပြည့်သေးသည့် မည်သည့်ကလေးကိုမျှ ကြော်ငြာထားသည့်ရေနံမြေတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့်မပြုရ။

Myanmar Law Information System (MLIS)

အထိမ်းအမှတ်များကို လူကြီးအလုပ်သမားမဟုတ်သည့် ရေနံအလုပ်သမားများက ဆောင်ထား ရခြင်း။

၅၃။ ။ အသက်ဆယ့်သုံးနှစ် ပြည့်ပြီးသည့် မည်သည့်ကလေးကိုမျှ၊ သို့တည်းမဟုတ် မည်သည့်လူရွယ်ကို မျှ-

(က) ပုဒ်မ ၅၄ အရ၊ ထိုသူအားရည်ညွှန်း၍ ထုတ်ပေးသည့် အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံ လက်မှတ်ကို အလုပ်ရှင်က သိမ်းဆည်းမထားလျှင်၊ ထို့ပြင်

(ခ) ထိုသူသည်၊ မိမိအလုပ်လုပ်နေစဉ်၊ ယင်းသို့သော တာဝန်ခံလက်မှတ်ကို ရည်ညွှန်းသည့် အထိမ်းအ မှတ်ကို ဆောင်မထားလျှင် ကြော်ငြာထားသည့်ရေနံမြေတွင် အလုပ်မလုပ်စေရ၊ သို့တည်းမဟုတ် လုပ်ခွင့် မပြုရ။

အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်များ။

၅၄။ ။ (၁) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်သည်၊ ကြော်ငြာထားသည့်ရေနံမြေတွင် အလုပ်လုပ်လို သည့် လူငယ်ကဖြစ်စေ၊ ထိုသူ၏မိဘက၊ သို့တည်းမဟုတ် အုပ်ထိန်းသူကဖြစ်စေ၊ ထိုသူ့ကိုခိုင်းစေလို သည့် အလုပ်ရှင်ကဖြစ်စေ လျှောက်ထားလျှင် ယင်းသို့သောအလုပ်ကို ထိုလူလုပ်ရန်သင့်လျော်သည် မသင့်လျော်သည်ကို အမှန်သိရှိရအောင် ထိုသူ့ကိုစမ်းသပ် စစ်ဆေးရမည်။

(၂) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်သည်၊ စမ်းသပ်စစ်ဆေးခြင်းပြုပြီးကာလ၊ ပြဋ္ဌာန်းထားသည့် ပုံစံဖြင့် ရေးသားသော အောက်ပါ တာဝန်ခံလက်မှတ်ကိုထိုသူအား ထုတ်ပေးနိုင်သည်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးနိုင်သည်။

(က) ထိုသူငယ်သည်၊ အသက်ဆယ့်သုံးနှစ်ပြည့်ပြီးဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသည့်ကာယဗလ အဆင့် အတန်းများသို့ရောက်ရှိပြီးဖြစ်ကြောင်း၊ ထိုပြင်ယင်းသို့သော အလုပ်ကိုထိုလူငယ်လုပ်ရန် သင့်လျော် ကြောင်းများဖြင့် တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်ကကျေနပ်လျှင်၊ ကြော်ငြာထားသည့် ရေနံမြေ တွင် ကလေးအဖြစ် အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

(ခ) ထိုလူငယ်သည်၊ အသက်ဆယ့်ငါးနှစ်ပြည့်ပြီးဖြစ်၍၊ ကြော်ငြာထားသည့် ရေနံမြေတွင် တရက်လုံး အတွက်အလုပ်လုပ်ရန် သင့်လျော်ကြောင်းဖြင့် တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်က ကျေနပ်လျှင်၊ ကြော်ငြာထားသည့်ရေနံမြေတွင် လူကြီးအဖြစ်အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်။

သို့ရာတွင် တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်သည်၊ လူငယ်အလုပ်လုပ်ရန် ကြံရွယ်သည့်နေရာနှင့်၊ ထိုသူ့ကိုခိုင်းစေမည့် အလုပ်အကြောင်းကို ကိုယ်တိုင်သိရှိပြီး မဟုတ်လျှင်၊ ထိုနေရာကို စစ်ဆေးပြီးမှသာ လျှင် ပုဒ်မခွဲ (၁) အရ၊ တာဝန်ခံလက်မှတ်ကို ထုတ်ပေးရမည်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးရ မည်။

(၃) (က) ပုဒ်မခွဲ (၂) အရ၊ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးသည့် တာဝန်ခံလက် မှတ်သည်၊ ထုတ်ပေးသည့်နေ့မှစ၍ ဆယ့်နှစ်လအတွက်သာ အတည်ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (၂) အရ၊ ထုတ်ပေးသည့် သို့တည်းမဟုတ်၊ အသစ်လဲလှယ်ပေးသည့် တာဝန်ခံလက်မှတ်ကို၊ ခိုင်းစေခံရမည့်လူငယ်နှင့် ပတ်သက်သည့်အလုပ်အမျိုးအစားနှင့်စပ်လျဉ်း၍၊ စည်းကမ်းချက်များထား၍ ထုတ်ပေးနိုင်သည်။ သို့တည်းမဟုတ် ဆယ့်နှစ်လမစေ့မီ လူငယ်ကို ပြန်လည်စမ်းသပ်စစ်ဆေးရမည်ဟု တာဝန်ခံလက်မှတ်တွင် စည်းကမ်းချက်ထည့်သွင်းရေးသားနိုင်သည်။

(၄) ပုဒ်မခွဲ (၂) အရ၊ ထုတ်ပေးသည့်၊ သို့တည်းမဟုတ် အသစ်လဲလှယ်သည့် သက်သေခံလက်မှတ်ရရှိသူ သည်၊ ထိုလက်မှတ်တွင်ရေးသားဖော်ပြထားသည့်အတိုင်း ကလေး၊ သို့တည်းမဟုတ် လူကြီးအဖြစ်ဖြင့် ကြော်ငြာထားသည့် ရေနံမြေတွင် ဆက်လက်အလုပ်လုပ်ရန် မသင့်လျော်တော့ကြောင်း တာဝန်ခံလက် မှတ်ပေးသည့် ဆရာဝန်က ထင်မြင်သဘောရရှိလျှင်၊ ဆရာဝန်သည် ထိုတာဝန်ခံလက်မှတ်ကို ရုပ်သိမ်းရ မည်။

(၅) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်သည်၊ တာဝန်ခံလက်မှတ်ကိုဖြစ်စေ၊ တောင်းဆိုသည့် တာဝန် ခံလက်မှတ်မျိုးကိုဖြစ်စေ၊ ထုတ်ပေးရန်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးရန် ငြင်းဆိုလျှင်သော်၎င်း၊ ရုပ်သိမ်းလျှင်သော်၎င်း၊ တာဝန်ခံလက်မှတ်တောင်းဆိုပိုင်ခွင့် ရှိသူက မည်သည့်အကြောင်းကြောင့် ယင်းသို့ငြင်းဆိုသည်၊ သို့တည်းမဟုတ် ရုပ်သိမ်းသည်ကို ဖော်ပြရန် ဆရာဝန်အားတောင်းဆိုလျှင်၊ ထိုအ ကြောင်းများကို ရေးသားဖော်ပြရမည်။

(၆) ပုဒ်မခွဲ (၃)၊ အပိုဒ် (ခ) တွင် ရည်ညွှန်းထားသည့် စည်းကမ်းချက်များထားလျက်၊ တာဝန်ခံ လက်မှတ်ထုတ်ပေးသည့် ဆရာဝန်က လူငယ်နှင့်စပ်လျဉ်း၍ ဤပုဒ်မအရ တာဝန်ခံလက်မှတ်ကိုထုတ် ပေးလျှင်၊ သို့တည်းမဟုတ် အသစ်လဲလှယ်ပေးလျှင်၊ ထိုလူငယ်ကို စည်းကမ်းချက်များနှင့်အညီမှလွဲ၍ ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

(၇) ဤပုဒ်မအရ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်အတွက် ပေးဆောင်ရမည့်အခငွေကို၊ ဆိုင်ရာအလုပ် ရှင်ကပေးဆောင်ရမည်။ လူငယ်ထံမှဖြစ်စေ၊ သူ၏မိဘထံမှဖြစ်စေ၊ အုပ်ထိန်းသူထံမှဖြစ်စေ မတောင်းဆို ရ။

လူရွယ်သို့ထုတ်ပေးသည့် လက်မှတ်၏အကျိုးသက်ရောက် ခြင်း။

<ပြင်ဆင် 08.10.1953>

၅၅။ ။ (၁) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (၂) ၊ အပိုဒ်(ခ) အရ ကြော်ငြာထားသည့် ရေနံမြေတွင် လူကြီးအဖြစ် အလုပ် လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်ရသည့်ပြင်၊ ကြော်ငြာထားသည့်ရေနံမြေတွင် အလုပ်လုပ် နေစဉ်၊ ထိုတာဝန်ခံလက်မှတ်ကို ရည်ညွှန်းသည့် အထိမ်းအမှတ်ကိုလည်း ဆောင်ထားသည့် လူရွယ် သည်၊ အခန်း ၇ ပါကိစ္စအားလုံးအလို့ငှါ လူကြီးဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) ပုဒ်မ ၅၄၊ ပုဒ်မခွဲ (၂)၊ အပိုဒ်(ခ) အရ ကြော်ငြာထားသည့် ရေနံမြေတွင် လူကြီးအဖြစ် အလုပ် လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ် မရသည့်လူရွယ်သည်၊ အသက်မည်မျှပင် ရှိစေကာမူ၊ ဤ အက်ဥပဒေအလို့ငှါ ကလေးဖြစ်သည်ဟူ၍မှတ်ယူရမည်။

<ပြင်ဆင် 22.10.1951>

ကလေးများအလုပ်လုပ်သည့်အချိန်။

၅၆။ ။ (၁) မည်သည့် ကလေးကိုမျှ၊ ကြော်ငြာထားသည့်ရေနံမြေ၌-

(က) မည်သည့်ရက်တွင်မဆို ပေါင်းလေးနာရီထက်ပို၍ မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့် မပြုရ။

(ခ) ညနေခြောက်နာရီမှ နံနက်ခြောက်နာရီထိ အချိန်အတွင်းမခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ် လုပ်ခွင့် မပြုရ။

(၂) ကလေးအားလုံးတို့၏ အလုပ်လုပ်ချိန်ကာလအပိုင်းအခြားကို၊ အလှည့်ချင်းမထပ်သော အလှည့်နှစ် လှည့်သာ ကန့်သတ်ထားရမည့်ပြင်၊ တလှည့်လျှင်လည်း လေးနာရီထက်မပိုစေရ၊ အလုပ်ရှင်ခိုင်းစေသည့် ကလေးအသီးသီးကို အလှည့်ကျလူစုတွင်သာ ခိုင်းစေရမည်။ ထို့အပြင် ခိုင်းစေခံရသောကလေးပါဝင်လုပ် ကိုင်သော အလှည့်ကျလူစုကို၊ အင်စပက်တော်၏ သဘောတူညီချက်မရရှိဘဲ၊ တလလျှင် တကြိမ်ထက် ပို၍ ပြောင်းလဲခြင်း မပြုရ။

(၃) ပုဒ်မ ၃၁ ရှိ ပြဋ္ဌာန်းချက်သည် ကလေးအလုပ်သမားများနှင့်လည်း သက်ဆိုင်စေရမည်၊ ထို့ပြင် ကလေးနှင့်ပတ်သက်၍ ထိုပုဒ်မရှိပြဋ္ဌာန်းချက်မှ ကင်းလွတ်ခွင့်မပြုရ။

(၄) မည်သည့်ကလေးကိုမျှ၊ အလုပ်ရှင်တဦးလက်အောက်၌ အလုပ်လုပ်ပြီးဖြစ်သောရက်တွင်၊ အခြား အလုပ်ရှင် လက်အောက်၌ ခိုင်းစေခြင်းမပြုရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့် မပြုရ။

ကလေးများအလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာ။

၅၇။ ။ (၁) ကလေးများအလုပ်လုပ်ရန် ကာလအပိုင်းအခြားဆိုင်ရာ နို့တစ်စာတစောင်ကို၊ နေ့စဉ် မည်သည့် ကာလအပိုင်းအခြားတွင် ကလေးများအား အလုပ်လုပ်စေမည့်၊ သို့တည်းမဟုတ် အလုပ်လုပ် ခွင့်ပြုမည့် အကြောင်း ရှင်းလင်းစွာဖော်ပြလျက်၊ ပုဒ်မ ၇၆၊ ပုဒ်မခွဲ(၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ကလေးများကို ခိုင်းစေသည့် ကြော်ငြာထားသည့်ရေနံမြေတွင်၊ မြင်သာအောင်ကပ်ထားရမည့်အပြင်၊ မှန်ကန်စွာလည်း ထားရှိရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ လိုအပ်သည့်နို့တစ်စာတွင်၊ ဖော်ပြထားသည့် ကာလအပိုင်းအခြားများကို ပုဒ်မ ၃၈ တွင်၊ လူကြီးများအတွက် ပြဋ္ဌာန်းသည့်နည်းလမ်းနှင့်အညီ ကြိုတင်သတ်မှတ်ရမည့်အပြင်၊ ထိုကာလအ ပိုင်းအခြားများအတွက်၊ အလုပ်လုပ်နေသည့် ကလေးများသည်၊ ပုဒ်မ ၅၆ ပါပြဋ္ဌာန်းချက်များနှင့် ဆန့် ကျင်၍၊ အလုပ်လုပ်ရာမရောက်အောင်လည်း သတ်မှတ်ထားရမည်။

(၃) ပုဒ်မ ၃၈၊ ပုဒ်မခွဲ (၉) နှင့် (၁၀)ရှိ ပြဋ္ဌာန်းချက်များသည်၊ ဤပုဒ်မ၏ပုဒ်မခွဲ (၁) အရ လိုအပ်သည့် နို့တစ်စာနှင့်လည်း သက်ဆိုင်စေရမည်။

(၄) နိုင်ငံတော်သမတသည်၊ ကလေးများအလုပ်လုပ်ရန် ကာလအပိုင်းအခြားများဆိုင်ရာ နို့တစ်စာအ တွက် ပုံစံများနှင့် ထိုနို့တစ်စာကို ထားရှိရမည့်နည်းလမ်းကို၊ ပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုလုပ်နိုင် သည်။

ကလေးရေနံအလုပ်သမားများမှတ်ပုံတင်စာအုပ်။

၅၈။ ။ (၁) ကလေးများကိုခိုင်းစေသည့် အလုပ်ရှင်အသီးသီးသည်-

(က) ကလေးရေနံအလုပ်သမား အသီးသီး၏အမည်၊

(ခ) ထိုကလေးလုပ်သည့် အလုပ်အမျိုးအစား၊

(ဂ) ထိုကလေးပါဝင်သည့် လူစုရှိလျှင်၊ ထိုလူစု၊

(ဃ) ထိုကလေးပါဝင်သည့်လူစုသည်၊ အလှည့်ကျအလုပ်လုပ်လျှင်၊ ထိုကလေးအားမည်သည့် အလှည့်ကျ လူစုသို့ သတ်မှတ်ချထားကြောင်း၊

(င) ပုဒ်မ ၅၄ အရ ထုတ်ပေးသည့်၊ ထိုကလေး၏ အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ် ၏ အမှတ်၊ ထို့ပြင်

(စ) ပြဋ္ဌာန်းသည့် အခြားအကြောင်းအရာများကို ဖေါ်ပြသည့်ကလေး အလုပ်သမားများမှတ်ပုံတင် စာအုပ်ကို ထားရှိရမည့်ပြင်၊ ထိုစာအုပ်ကို အလုပ်ချိန်အတွင်း အင်စပက်တော်က အချိန်မရွေး ကြည့်ရှုနိုင်ရန် တာဝန်ရှိရမည်။

(၂) နိုင်ငံတော်သမတသည်၊ ကလေးရေနံ အလုပ်သမားများမှတ်ပုံတင်စာအုပ်ပုံစံ၊ ထိုမှတ်ပုံတင် စာအုပ်ကိုထားရှိရမည့်နည်းလမ်း၊ ထို့ပြင် ထိုမှတ်ပုံတင်စာအုပ်ကို မပျက်မစီးအောင် သိမ်းထားရမည့် ကာလအပိုင်းအခြားကိုပြဋ္ဌာန်းနိုင်သည်။

အလုပ်လုပ်သည့်အချိန်နာရီများသည်၊ ပုဒ်မ ၅၇ အရကပ်ထားရမည့် နို့တစ်စာနှင့်၎င်း၊ ပုဒ်မ ၅၈ အရ ထားရှိရမည့် မှတ်ပုံတင်စာအုပ်နှင့်၎င်း ညီညွတ်စေခြင်း။

၅၉။ ။မည်သည့်ကလေးကိုမျှ ကြော်ငြာထားသည့်ရေနံမြေတွင် မြင်သာအောင်ကပ်ထားသည့် ကလေး များ အလုပ်လုပ်ရန် ကာလအပိုင်းအခြားများဆိုင်ရာ နို့တစ်စာနှင့် ဆန့်ကျင်လျက်၎င်း၊ ထို့ပြင်ကြော်ငြာ ထားသည့် ရေနံမြေရှိ ကလေး ရေနံအလုပ်သမားများ မှတ်ပုံတင်စာအုပ်တွင်၊ ထိုကလေး၏ အမည်နှင့် ယှဉ်လျက်၊ ကြိုတင်ရေးသွင်းထားသည့်ရေးသွင်းချက်များနှင့် ဆန့်ကျင်လျက်၎င်း၊ ခိုင်းစေခြင်းမပြုရ။

ဆရာဝန်ဖြင့် စမ်းသပ်စစ်ဆေးခြင်းကို ပြုလုပ်ရန် ဆင့်ဆို ပိုင်ခွင့်အာဏာ။

၆၀။ ။ (က) အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်မရှိဘဲ၊ ကြော်ငြာထားသည့်ရေနံမြေ တွင် အလုပ်လုပ်နေသူသည်၊ လူငယ်ဖြစ်သည်ဟူ၍သော်၎င်း၊

(ခ) အလုပ်လုပ်ရန် သင့်လျော်ကြောင်း၊ တာဝန်ခံလက်မှတ်နှင့် ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ် လုပ်နေသည့် လူငယ်သည်၊ ထိုတာဝန်ခံ လက်မှတ်တွင်၊ ရေးသားဖေါ်ပြထားသည့်အတိုင်း၊ ကလေး၊ သို့ တည်းမဟုတ် လူကြီးအဖြစ်ဖြင့် ဆက်လက် အလုပ်လုပ်ရန် မသင့်လျော်တော့ဟူ၍သော်၎င်း၊

အင်စပက်တော်က ထင်မြင်သဘောရရှိလျှင်၊ ထိုအင်စပက်တော်သည်၊ ယင်းသို့သောလူငယ်ကို တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်ဖြင့် စမ်းသပ်စစ်ဆေးရမည်ဟု ဆင့်ဆိုသည့်နို့တစ်စာကို အလုပ်ရှင်ထံပေး နိုင်သည်။ ထို့ပြင် ယင်းသို့သောသူကို၊ ဤကဲ့သို့ စမ်းသပ်စစ်ဆေးခြင်းမပြုရသေးမီ၊ ထို့ပြင်ပုဒ်မ ၅၄ အရ အလုပ်လုပ်ကိုင်ရန် သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်၊ သို့တည်းမဟုတ် အလုပ်လုပ်ရန် သင့်လျော် ကြောင်း တာဝန်ခံလက်မှတ်သစ်၊ ဆိုင်သင့်ရာရာကိုလည်း ထုတ်ပေးခြင်းမပြုရသေးမီ၊ သို့တည်းမဟုတ် ထိုသူအားစစ်ဆေးသော တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်က၊ ထိုသူသည်လူငယ်မဟုတ်ကြောင်း၊ တာဝန်ခံလက်မှတ်မပေးရသေးမီ၊ ကြော်ငြာထားသည့်ရေနံမြေတွင်၊ မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ် လုပ်ခွင့်မပြုရဟု အင်စပက်တော်က ဆင့်ဆိုလျှင်၊ ထိုသို့ဆင့်ဆိုသည့်အတိုင်း မခိုင်းစေရ၊ သို့တည်းမဟုတ် အလုပ်လုပ်ခွင့်မပြုရ။

နည်းဥပဒေများပြုလုပ်နိုင်သည့်အာဏာ။

၆၁။ ။ နိုင်ငံတော်သမတသည်၊ အောက်ပါကိစ္စများအလို့ငှါ၊ နည်းဥပဒေများ ပြုလုပ်နိုင်သည်။

(က) ပုဒ်မ ၅၄ အရ၊ ထုတ်ပေးမည့် အလုပ်လုပ်ရန်သင့်လျော်ကြောင်း တာဝန်ခံလက်မှတ်များအတွက်၊ ပုံစံများကိုပြဋ္ဌာန်းရန်၊ မူရင်းတာဝန်ခံလက်မှတ်ပျောက်ဆုံးသည့်အခါ၊ မိတ္တူများ ထုတ်ပေးရန်အတွက် ပြဋ္ဌာန်းရန်၊ ထို့ပြင် ယင်းသို့သော တာဝန်ခံလက်မှတ်များ အသစ်လဲလှယ်ထုတ်ပေးသည့် တာဝန်ခံ လက်မှတ်များနှင့်

ယင်းသို့သောမိတ္တူများ အတွက်၎င်း၊ ပြဋ္ဌာန်းသည့်အခြားစမ်းသပ်စစ်ဆေးမှုများ အတွက်၎င်း၊တောင်းဆိုပိုင်ခွင့်ရသည့်အခများကို သတ်မှတ်ရန်၊

(ခ) ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်သည့် ကလေးများနှင့် လူရွယ်များ ရောက်ရမည့် ကာယဗလ အဆင့်အတန်းများကို ပြဋ္ဌာန်းရန်၊

(ဂ) တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်များက၊ ဤအခန်းအရ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်း ကို၊ စည်းမျဉ်းသတ်မှတ်ရန်၊ ထို့ပြင် ကြော်ငြာထားသည့် ရေနံမြေများတွင် လူငယ်များအား ခိုင်းစေခြင်း နှင့်စပ်လျဉ်း၍၊ ထိုတာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်တို့က ဆောင်ရွက်ရန်လိုအပ်သည့် အခြားတာဝန်ဝတ္တရားများကို သီးခြားဖေါ်ပြရန်၊ ထိုတာဝန်ဝတ္တရားများအတွက် တောင်းဆိုနိုင်သည့် အခငွေများ နှင့်ထိုအခငွေများ ပေးဆောင်ရမည့်သူများကို ပြဋ္ဌာန်းရန်၊ ထို့ပြင်

(ဃ) ဤအခန်းရှိ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရန် အလို့ငှါ၊ သင့်လျော်သည့် အခြားအ ကြောင်းအရာတခုခုကို ပြဋ္ဌာန်းရန်။

<ပြင်ဆင် 08.10.1953>

## အခန်း ၁၀။

## ပြစ်ဒဏ်များနှင့်လိုက်နာဆောင်ရွက်ရန်နည်းလမ်း။

ပြစ်မှုများအတွက် သာမန်ပြစ်ဒဏ်။

၆၂။ ။ ကြော်ငြာထားသည့်ရေနံမြေဆိုင်ရာ အလုပ်ရှင်သည်၊ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေကို၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ စာဖြင့်ရေးသားချ မှတ်သည့်အမိန့်ကိုဖြစ်စေ ဆန့်ကျင်လျှင်၊ ထိုအလုပ်ရှင်သည်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသောအခါ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ် နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။ ထို့ပြင် ယင်းသို့ပြစ်ဒဏ်စီရင်ခြင်းခံရပြီးနောက်၊ ဆက်လက်ဆန့် ကျင်ပါက၊ ထိုအလုပ်ရှင်သည် နောက်ထပ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရမည့်ပြင်၊ ဤကဲ့သို့ ဆက်လက်ဆန့် ကျင်သည့် ရက်များအတွက်၊ တရက်လျှင် ခုနှစ်ဆယ်ငါးကျပ်ထက် မပိုသောငွေဒဏ်ကိုလည်း စီရင်ခြင်း ခံရမည်။

အထက်ကပြစ်ဒဏ်စီရင်ခြင်း ခံရသူများကို ပြစ်ဒဏ်တိုး၍ စီရင်ခြင်း။

၆၃။ ။ ပုဒ်မ ၆၂ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရဘူးသူသည်၊ ယခင်က ဆန့်ကျင်ခဲ့သော ပြဋ္ဌာန်းချက်ကို နောက်ထပ်ဆန့်ကျင်သည့် ပြစ်မှုအတွက်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ထိုသူသည် နောက်ထပ် ပြစ် ဒဏ်စီရင်ခြင်းခံရသောအခါ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး နှစ်ရာမှ အများ ဆုံး တထောင်ထိငွေဒဏ်ဖြစ်စေ၊ သို့တည်းမဟုတ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

သို့ရာတွင် ဤပုဒ်မအရ ပြစ်ဒဏ် စီရင်ခြင်းခံရရန် အလို့ငှါ နှစ်နှစ်ကျော်ကချမှတ်သည့် ပြစ်ဒဏ်ကို ထည့် သွင်းအရေးမယူရ။

Myanmar Law Information System (MLIS)

ရေနံအလုပ်သမားများက ကျူးလွန်သည့်ပြစ်မှုများ။

၆၄။ ။ (၁) ကြေငြာထားသည့် ရေနံမြေတွင် ခိုင်းစေခံရသူ ရေနံအလုပ်သမားတဦးတယောက်က၊ ရေနံ အလုပ်သမားများကို တာဝန်ဝတ်တရားများ ချအပ်သည့်၊ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်တခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေတခုခုကို၊ သို့တည်းမဟုတ် အမိန့်တခုခုကိုဖြစ်စေ ဆန့်ကျင် လျှင်၊ ထိုသူသည် တလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ နှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၂) ပုဒ်မခွဲ (၁) အရ ပြစ်ဒဏ်စီရင်ထိုက်သည့် ပြစ်မှုအတွက်၊ ရေနံအလုပ်သမားကို ပြစ်ဒဏ်စီရင်လျှင်၊ ထိုဆန့်ကျင်မှုကို ကာကွယ် ရန် သင့်လျော်သော ဆောင်ရွက်မှုများကို အလုပ်ရှင်က မပြုလုပ်ကြောင်း ထင်ရှားအောင် မပြနိုင်လျှင်၊ ထိုအလုပ်ရှင်ကို ထိုဆန့်ကျင်မှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သည်ဟု မမှတ်ယူရ။

<ပြင်ဆင် 08.10.1953>

အင်စပက်တော်ကိုဟန့်တားသည့်အတွက် ပြစ်ဒဏ်။

၆၅။ ။ မည်သူမဆို၊ ဤအက်ဥပဒေအရ အပ်နှင်းထားသည့် အာဏာကိုသုံးစွဲနေသောအင်စပက်တော်ကို၊ တမင်ဟန့်တားလျှင်သော်၎င်း၊ ဤအက်ဥပဒေနှင့်အညီ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ၊ မိမိထားရှိသည့် မှတ်ပုံတင်စာအုပ်ကို၊ သို့တည်းမဟုတ် အခြားစာရွက်စာတမ်း များကို ထုတ်ပြရန် အင်စပက်တော်က တောင်းဆိုသည့်အခါ ထုတ်ပြရန် ပျက်ကွက်လျှင်သော်၎င်း၊ ကြေ ငြာထားသည့်ရေနံမြေအတွင်း ရေနံအလုပ်သမားတဦးတယောက်ကို အင်စပက်တော်ရှေ့သို့လာရောက် ခြင်း၊ သို့တည်းမဟုတ် အင်စပက်တော်၏အစစ်အဆေးခံခြင်း မပြုနိုင်အောင် ဝှက်ထားလျှင်၊ သို့တည်းမ ဟုတ် တားဆီးလျှင်သော်၎င်း၊ ထိုသူသည် သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

အမိန့်များ ချမှတ် နိုင်သည့် တရားရုံး၏ အာဏာ။

၆၆။ ။ (၁) တရားရုံးသည် အလုပ်ရှင်ကို၊ ဤအက်ဥပဒေအရ ပြစ်ဒဏ်တို့ကို သင့်သည့် ပြစ်မှုအတွက်ပြစ် ဒဏ်စီရင်နိုင်သည့်ပြင်၊ အမိန့်တရပ်လည်း ချမှတ်နိုင်သည်။ ထိုအမိန့်တွင် ကျူးလွန်သည့်ကိစ္စများနှင့်စပ် လျဉ်း၍ တရားအတိုင်းဖြစ်စေရန်အလို့ငှါ အမိန့်တွင်သီးခြားဖေါ်ပြထားသည့် ဆောင်ရွက်မှုများကို ထိုအ မိန့်တွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားအတွင်း ပြုလုပ်ရမည်ဟု ပါရှိရမည်။ တရားရုံးသည် ကာလအပိုင်းအခြားကို ထပ်တိုးရန် လျှောက်ထားသည့်အခါ၊ ထို့သို့ ထပ်တိုးရန်သင့်သည်ဟု ထင်မြင် လျှင်၊ အခါအားလျော်စွာထပ်တိုးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရအမိန့်ကို ချမှတ်လျှင်၊ အလုပ်ရှင်သည် တရားရုံးကခွင့်ပြုသည့် ကာလအပိုင်းအခြား အတွင်း၊ သို့တည်းမဟုတ် ထပ်တိုးသောကာလအပိုင်းအခြားအတွင်း၊ ထိုပြစ်မှုကို ဆက်လက်ကျူးလွန် ခြင်းနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေအရ ပြစ်ဒဏ်မထိုက်သင့်စေရ။ သို့ရာတွင် ထိုခွင့်ပြုသည့် ကာလအ ပိုင်းအခြား၊ သို့တည်းမဟုတ် ထပ်တိုးသော ကာလအပိုင်းအခြားစေ့ ကုန်သောအခါ၊ တရားရုံး၏ အမိန့် အတိုင်း အကြွင်းမဲ့လိုက်နာဆောင်ရွက်ခြင်း မရှိသေးလျှင်၊ အလုပ်ရှင်သည်၊ နောက်ထပ် ပြစ်မှုကျူးလွန် သည်ဟု မှတ်ယူရမည့်ပြင်၊ ထိုကာလအပိုင်းအခြားစေ့

Myanmar Law Information System (MLIS)

ကုန်ပြီးနောက် အမိန့်အတိုင်း လိုက်နာရန် စတင် ပျက်ကွက်သည့်နေ့မှစ၍ တနေ့လျှင် တရာထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

သီးခြားဖြစ်သောပြစ်မှုများ။

၆၇။ ။ ဤအက်ဥပဒေရှိ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်လျက်ငင်း၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်နှင့်ဆန့်ကျင်လျက် ငင်းကြော်ငြာထားသည့် ရေနံမြေတွင်၊ မည်သူကိုမဆိုခိုင်းစေလျှင်၊ ဤသို့ ခိုင်းစေခံရသူ အသီးသီးနှင့်ပတ်သက်၍၊ သီးခြားဖြစ်သော ပြစ်မှုများ ကျူးလွန်သည်ဟု မှတ်ယူရမည်။

အလုပ်လုပ်ရန် သင့်လျော်ကြောင်း မမှန်သည့် တာဝန်ခံလက်မှတ်ကို အသုံးပြုသည့် အတွက် ပြစ်ဒဏ်။

၆၈။ ။ မည်သူမဆို၊ ပုဒ်မ ၅၄ အရ၊ သူတပါးသို့ပေးအပ်သည့်အလုပ်လုပ်ရန် သင့်လျော်ကြောင်း တာဝန်ခံ လက်မှတ်ကို၊ ထိုပုဒ်မအရ၊ မိမိသို့ပေးအပ်သည့် တာဝန်ခံလက်မှတ်အဖြစ် လိမ်လည်၍သိလျက်နှင့် အသုံး ပြုလျှင်သော်ငင်း၊ အသုံးပြုရန်အားထုတ်လျှင်သော်ငင်း၊ ထိုပုဒ်မအရ တာဝန်ခံလက်မှတ်ကို ရယူပြီး နောက်၊ သိလျက်နှင့် အခြားသူတဦးတယောက်အား အသုံးပြုခွင့်ပေးလျှင်သော်ငင်း၊ အသုံးပြုရန် အားထုတ်မှုကိုခွင့်ပြုလျှင်သော်ငင်း၊ ထိုသူသည် နှစ်ဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

ကလေးကိုတရက်တည်း၌ အလုပ်ရှင်နှစ်ဦးထံတွင် အလုပ်လုပ်ခွင့်ပြုသည့် အတွက်ပြစ်ဒဏ်။

၆၉။ ။ အလုပ်ရှင်တဦးလက်အောက်တွင် ကလေးတယောက်သည်၊ လုပ်ပြီးသောရက်၌ အခြားအလုပ်ရှင် တဦးလက်အောက်တွင် မိဘ၏၊ သို့တည်းမဟုတ် စောင့်ရှောက်သူ၏၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏၊ သို့တည်းမဟုတ် အုပ်ချုပ်သူ၏၊ သို့တည်းမဟုတ် အခများမှ တိုက်ရိုက်အကျိုးခံစားရသူ၏ သဘောတူ ညီချက်ဖြင့်၊ သို့တည်းမဟုတ် တမင်လျစ်လျူရှုချက်ဖြင့် အလုပ်လုပ်သည်ဟု တရားရုံးကထင်မြင်လျှင်၊ ကလေး၏မိဘသည်၊ သို့တည်းမဟုတ် အုပ်ထိန်းသူသည်၊ သို့တည်းမဟုတ် စောင့်ရှောက်သူသည်၊ သို့ တည်းမဟုတ် အုပ်ချုပ်သူသည်၊ သို့တည်းမဟုတ် အကျိုးခံစားရသူသည်၊ နှစ်ဆယ်ထက်မပိုသော ငွေဒဏ်စီရင်ခြင်းခံရမည်။

မည်သူသည်၊ အလုပ်ရှင်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။

၇၀။ ။ (၁) အလုပ်ရှင်သည်၊ ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဖြစ် လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင် ဘက်စပ်ပါဝင်သူများ၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူများအ နက် မည်သူ့ကိုမဆို၊ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ ဤအခန်းအရ တရားစွဲ ဆို၍ ပြစ်ဒဏ်စီရင်နိုင်သည်။

သို့ရာတွင် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်ပါဝင်သူတို့အနက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ၌ နေထိုင်သူတဦးတယာက်ကို၊ ဤအခန်းပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်အဖြစ် အမည်တင်မြှောက် ခန့်ထားပြီးဖြစ်ကြောင်းဖြင့် ထိုဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့ကအင်စပက်တော်အား နို့တစ်စာ ပေးပို့နိုင်သည်။ ထို့ပြင် ထိုပုဂ္ဂိုလ်သည်၊ ယင်းသို့နေထိုင်သမျှ ကာလပတ်လုံး၊ မိမိအားအမည်တင်မြှောက် ခန့်ထားခြင်းကို ပယ်ဖျက်သည့်နောက်ထပ် နို့တစ်စာကို အင်စပက်တော်က မရမီသော်ငင်း၊ မိမိသည် ထို



Myanmar Law Information System (MLIS)

ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် အဖွဲ့တွင်အစုပါဝင်သူအဖြစ်မှ၊ သို့တည်းမဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ် စဲခြင်း မပြုမီသော်ငှင်း၊ ဤအခန်းပါကိစ္စများအလို့ငှါ၊ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) အလုပ်ရှင်သည်၊ အများပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးများအနက် မည်သည့် ဒါရိုက်တာလူကြီးကိုမဆို၊ သို့တည်းမဟုတ် အနည်းပိုင်ကုမ္ပဏီဖြစ်လျှင်၊ ထိုကုမ္ပဏီတွင် အစုပါဝင်သူများ အနက် မည်သည့်အစု ပါဝင်သူကိုမဆို၊ အလုပ်ရှင်အား ပြစ်ဒဏ်ပေးနိုင်သည့် ပြစ်မှုတခုခုအတွက်၊ ဤ အခန်းအရ တရားစွဲဆို၍ ပြစ်ဒဏ်စီရင်စေနိုင်သည်။

သို့ရာတွင် ထိုအများပိုင်ကုမ္ပဏီသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သည့် ဒါရိုက်တာလူကြီးတ ဦးကိုသော်ငှင်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် အစုပါဝင်သူတဦးကိုသော်ငှင်း၊ ဤအခန်းပါကိစ္စများအလို့ ငှါ၊ အလုပ်ရှင်အဖြစ် အမည်တင်မြှောက် ခန့်ထားပြီးဖြစ်ကြောင်းဖြင့် အင်စပက်တော်အား နို့တစ်စာပေးပို့ နိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာလူကြီးသည်၊ သို့တည်းမဟုတ် အစုပါဝင်သူသည်၊ ယင်းသို့နေထိုင်သမျှ ကာလပတ်လုံး၊ မိမိအား အမည်တင်မြှောက်ခန့်ထားခြင်းကို ပယ်ဖျက်သည့် နောက်ထပ်နို့တစ်စာကို အင်စပက်တော်က မရမီသော်ငှင်း၊ မိမိသည် ဒါရိုက်တာလူကြီးအဖြစ်မှ၊ သို့တည်းမဟုတ် အစုပါဝင်သူအ ဖြစ်မှရပ်စဲခြင်းမပြုမီသော်ငှင်း၊ ဤအခန်းပါ ကိစ္စများအလို့ငှါ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

အလုပ်ရှင်မှာ တာဝန် ကင်းလွတ် ခြင်း။

၇၁။ ။ (၁) အလုပ်ရှင်အပေါ်တွင် ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သင့်သည့်ပြစ်မှုနှင့် တရားစွဲဆိုလျှင်၊ ထိုအလုပ်ရှင်သည်၊ ပြစ်မှုကိုအခြားသူက ကျူးလွန်ကြောင်းနှင့် ကိုယ်တိုင်နေရာကျ တိုင်တန်းလျှောက် ထား၍ ယင်းသို့တိုင်တန်းလျှောက်ထားရန် ကြံရွယ်ကြောင်းနို့တစ်စာကို၊ သုံးရက်အောက်မနည်း ကြိုတင်၍ တရားလိုဘက်သို့ပေးပြီးကာလ၊ ထိုသို့စွပ်စွဲခံရသူကို စွဲချက်အတိုင်းကြားနာစစ်ဆေးရန် ချိန်းဆိုသည့် အချိန်တွင်၊ တရားရုံးသို့ ခေါ်ဆောင်လာစေရန် ပြောဆိုပိုင်ခွင့်ရှိရမည်။ ထို့ပြင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပြီးနောက် ထိုအလုပ်ရှင်က-

(က) ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန် ကိုယ်တိုင်နေရာကျ လုံ့လပြုကြောင်း၊ ထို့ပြင်

(ခ) မိမိမသိဘဲ၊ သဘောမတူဘဲ၊ တမင်လျစ်လျူရှု၍နေခြင်းကြောင့် မဟုတ်ဘဲ၊ ထိုစွပ်စွဲခံရသော အခြား သူသည်၊ ပြစ်မှုကို ကျူးလွန်ကြောင်း၊ တရားရုံးကကျေနပ်အောင် ထင်ရှားပြသလျှင်၊ ထိုပြစ်မှုအတွက်၊ ထိုအခြားသူကို ပြစ်မှုထင်ရှားစီရင်ရ မည်။ ထို့ပြင် အခြားသူသည် အလုပ်ရှင်ဖြစ်သကဲ့သို့ အလားတူ ပြစ်ဒဏ်မျိုး စီရင်ခြင်းခံရမည်။ ထို့ပြင် အလုပ်ရှင်သည် ထိုပြစ်မှုနှင့်စပ်လျဉ်း၍ ဤအက်ဥပဒေအရ မည်သည့်တာဝန်မှမဆို ကင်းလွတ်စေရမည်။ ဤအမှုမျိုးတွင် အလုပ်ရှင်ကသက်သေခံလျှင်၊ ထိုအလုပ်ရှင်ကိုငှင်း၊ စွဲချက်ကိုထောက်ခံရန် ထိုသူကပေး သည့် သက်သေများကိုငှင်း၊ တရားလိုက ပြန်လှန်စစ်ဆေးနိုင်ခွင့်ရှိသည့်ပြင်၊ သက်သေ ထွက်ချက်များကိုလည်းချေပရန် သက်သေတင်ပြနိုင်သည်။

(၂) အမှုစွဲဆိုခြင်းမပြုမီ၊ မည်သည့်အချိန်တွင်မဆို-

(က) အလုပ်ရှင်က ဤအက်ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန် ကိုယ်တိုင်နေရာကျ လုံ့လပြု ကြောင်း၊

Myanmar Law Information System (MLIS)

(ခ) ပြစ်မှုကျူးလွန်သူမှာ မည်သူဖြစ်ကြောင်း၊ ထို့ပြင်

(ဂ) ပြစ်မှုကျူးလွန်သည့်အခါ၊ အလုပ်ရှင်မသိဘဲ၊ သို့တည်းမဟုတ် သဘောမတူဘဲ၊ သို့တည်းမဟုတ် တမင်လျစ်လျူရှု၍နေခြင်းမဟုတ်ဘဲ၊ သူ၏အမိန့်ကို ဖီဆန်ကျူးလွန်ကြောင်းဖြင့်၊ အင်စပက်တော်ကျေနပ်အောင်ထင်ရှားပြသည့်အခါ၊ အလုပ်ရှင်အပေါ်တွင် ရှေးဦးစွာ တရားစွဲဆိုခြင်းမပြုဘဲ၊ ပြစ်မှုကျူး လွန်သူအမှန်ဖြစ်ကြောင်း မိမိယုံကြည်သူကို၊ အင်စပက်တော်က တရားစွဲဆိုရမည်၊ ထိုသူမှာလည်း၊ အလုပ်ရှင်ဖြစ်သကဲ့သို့ အလားတူပြစ်ဒဏ်မျိုး စီရင်ခြင်းခံရမည်။

<ပြင်ဆင် 08.10.1953>

ခိုင်းစေခံရသူဟူ၍ မှတ်ယူခြင်း။

၇၂။ ။ ထမင်းစားချိန်နှင့် အားလပ်ချိန်များမှလွဲ၍၊ အလုပ်လုပ်နေသည့် အချိန်တွင်ဖြစ်စေ၊ စက်ကိရိယာလည်နေသည့် အချိန်တွင်ဖြစ်စေ၊ မည်သည့်အချိန်တွင်မဆို၊ တဦးတယောက်သောသူကို၊ ကြော်ငြာထားသည့်ရေနံမြေ၌ တွေ့ရှိလျှင်၊ ထိုသူသည် ကြော်ငြာထားသည့် ရေနံမြေတွင် ခိုင်းစေခံရသူ မဟုတ်ဟုထင်ရှားအောင် မပြနိုင်ပါက၊ ထိုသူကို ဤအက်ဥပဒေအလို့ငှါရင်း၊ ဤအက်ဥပဒေအရ ပြုလုပ် သည့်နည်းဥပဒေများအလို့ငှါရင်း၊ ကြော်ငြာထားသည့်ရေနံမြေတွင် ထိုအချိန်၌ ခိုင်းစေခံရသူ ဖြစ်သည်ဟု မှတ်ယူရမည်။

အသက်အရွယ်နှင့်စပ်လျဉ်း၍ ထင်ရှားအောင် ပြရန်တာဝန်။

၇၃။ ။ (၁) တဦးတယောက်သောသူသည်၊ သတ်မှတ်ထားသည့် အသက်အောက်ငယ်ပါက၊ ပြုလုပ်မှု သည်၊ သို့တည်းမဟုတ် ပျက်ကွက်မှုတခုခုသည်၊ ဤအက်ဥပဒေအရ ပြစ်ဒဏ်ထိုက်သည့်ပြစ်မှုဖြစ်၍၊ ထိုသူသည် ယင်းသို့ သတ်မှတ်ထားသည့် အသက်အောက်ငယ်ကြောင်း ယုတ္တိထင်ရှားသည်ဟု တရားရုံး က ထင်မြင်သဘောရရှိလျှင်၊ ထိုသူသည်၊ ဆိုခဲ့သည့် အသက်အောက် မငယ်ကြောင်း ထင်ရှားအောင်ပြ ရန်မှာ တရားခံ၏ တာဝန်ဖြစ်ရမည်။

(၂) ရေနံအလုပ်သမားတဦးတယောက်နှင့် ပတ်သက်၍ တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်၏ ထုတ်ဖော်ရေးသားချက်တွင်၊ ထိုရေနံအလုပ်သမားကို၊ မိမိကိုယ်တိုင်စမ်းသပ်ကြောင်း၊ ထို့ပြင် ထိုရေနံအလုပ်သမားသည် ထုတ်ဖော်ရေးသားချက်တွင် ဖော်ပြထားသည့် အသက်အောက်ငယ်သည်ဟု ယုံကြည်ကြောင်းပါရှိသည်ဖြစ်လျှင် ထိုထုတ်ဖော်ရေးသားချက်ကို၊ ဤအက်ဥပဒေနှင့်တကွ ဤအက်ဥပဒေအရပြုလုပ်ထားသည့် နည်းဥပဒေများအလို့ငှါ၊ ထိုရေနံအလုပ်သမား၏အသက်နှင့် စပ်လျဉ်းသည့် သက်သေခံအဖြစ်လက်ခံရမည်။

ပြစ်မှုများကို အရေးယူခြင်း။

၇၄။ ။ (၁) အင်စပက်တော်ကဖြစ်စေ၊ အင်စပက်တော်၏ စာဖြင့်ပေးသော အခွင့်အမိန့်ကို ကြိုတင်ရရှိပြီး မှဖြစ်စေ စွဲဆိုသည့်အမှုမှတပါး၊ မည်သည့်တရားရုံးကမျှ ဤအက်ဥပဒေအရ ပြစ်မှုတခုခုကို အရေးမယူ ရ။

**ခြွင်းချက်**။ ။ ပယ်ဖျက်



Myanmar Law Information System (MLIS)

(၂) ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့်အရ ဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုတခုခုကို ပဌမတန်း ရာဇဝတ်တရားသူကြီးအောက်ငယ်သည့် မည်သည့်တရားရုံးကမျှ စစ်ဆေးခြင်းမပြုရ။

<ပြင်ဆင် 22.10.1951>

တရားစွဲဆိုနိုင်သည့် ကာလအပိုင်းအခြားကို ကန့်သတ်ခြင်း။

၇၅။ ။ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ၊ သို့တည်းမဟုတ် အမိန့် အရဖြစ်စေ၊ ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုကိုကျူးလွန်သည်ဟု အင်စပက်တော် သိရှိသည့်နေ့မှ ခြောက်လအ တွင်း၊ တိုင်တန်းလျှောက်ထားခြင်း မရှိလျှင်၊ ထိုပြစ်မှုကို မည်သည့်တရားရုံးကမျှ အရေးမယူရ။

သို့ရာတွင် ထိုပြစ်မှုသည်၊ အင်စပက်တော်စာဖြင့် ရေးသားချမှတ်သည့် အမိန့်ကို မလိုက်နာသည့် ပြစ်မှု ဖြစ်သည့်အခါ၊ ထိုပြစ်မှုကျူးလွန်ကြောင်းကို ထိုပြစ်မှုကျူးလွန်သည်ဟု ဆိုသည့်နေ့မှ ဆယ့်နှစ်လအ တွင်း တိုင်တန်းလျှောက်ထားနိုင်သည်။

## အခန်း ၁၁။

## နောက်ထပ်ပြဋ္ဌာန်းချက်များ။

နို့တစ်စာများကို မြင်သာအောင်ကပ်ထားခြင်း။

၇၆။ ။ (၁) ဤအက်ဥပဒေအရရင်း၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများအရရင်း၊ကြော်ငြာ ထားသည့်ရေနံမြေတွင် မြင်သာအောင် ကပ်ထားရန်လိုအပ်သည့် နို့တစ်စာများအပြင်၊ ပြဋ္ဌာန်းသည့် ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၏ အကျဉ်းချုပ်များနှင့်တကွ အင်စ ပက်တော်နှင့် တာဝန်ခံလက်မှတ်ပေးသည့် ဆရာဝန်၏ အမည်နှင့်နေရပ်ပါရှိသော နို့တစ်စာကို၊ ရေနံအ လုပ်သမားတို့ နားလည်နိုင်သည့်စာဖြင့် ရေးသား၍ ကြော်ငြာထားသည့် ရေနံမြေအသီးသီးတွင် မြင်သာ အောင်ကပ်ထားရမည်။

(၂) ဤအက်ဥပဒေအရ ကြော်ငြာထားသည့် ရေနံမြေတွင်၊ မြင်သာအောင် ကပ်ထားရန်လိုသည့် နို့တစ်စာအားလုံးကို၊ အင်စပက်တော်က ညွှန်ကြားသည့်အတိုင်း ထင်ရှားသည့်၊ သို့တည်းမဟုတ်  လွယ်ကူသည့် နေရာ၌ ကပ်ထားရမည့်ပြင်၊ ထိုနို့တစ်စာများကို ဘတ်ရှုနိုင်အောင် သန့်ရှင်းစင်ကြယ်စွာထားရှိရမည်။

(၃) အင်စပက်တော်သည်၊ ကြော်ငြာထားသည့် ရေနံမြေတွင်၊ ရေနံအလုပ်သမားတို့၏ ကျန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုနှင့်ဆိုင်သည့် အခြားနို့တစ်စာကို၊ သို့တည်းမ ဟုတ် ကြော်ငြာစာကို မြင်သာအောင် ကပ်ထားရမည်ဟု အလုပ်ရှင်အား အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

<ပြင်ဆင် 08.10.1953>

အစီရင်ခံစာရင်းများ။

Myanmar Law Information System (MLIS)

၇၇။ ။ နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေအလို့ငှါ လိုအပ်သည်ဟု မိမိထင်မြင်သော အစီရင်ခံစာ ရင်းများကို ရံဖန်ရံခါဖြစ်စေ၊ ကာလအပိုင်းအခြားနှင့်ဖြစ်စေ၊ အလုပ်ရှင်များက တင်သွင်းရမည်ဟု ပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

နည်းဥပဒေများ ပြုလုပ်နိုင်သည့် ယေဘုယျအာဏာ။

၇၈။ ။ နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှါ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအနက် ပြဋ္ဌာန်းချက်တခုခုအရ ပြဋ္ဌာန်းရမည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းနိုင်မည့်၊ သို့ တည်းမဟုတ် လိုအပ်သည်ဟု ယူဆနိုင်သည့် မည်သည့်ကိစ္စ အတွက်မဆို ပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုလုပ်နိုင်သည်။

နည်းဥပဒေများကို ထုတ်ပြန် ကျေညာခြင်း။

၇၉။ ။ (၁) ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေအားလုံးသည် ကြိုတင်၍ ထုတ်ပြန်ကျေညာရ မည် ဟူသော စည်းကမ်းချက်များနှင့် မဆန့်ကျင်စေရ။ ထို့ပြင် မြန်မာနိုင်ငံတော် ယေဘုယျစကားရပ် အက်ဥပ ဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (၃) အရ သီးခြားဖေါ်ပြရမည့် နေ့ရက်သည်၊ ပြုလုပ်ရန် ကြံရွယ်သည့် နည်းဥပဒေ ကြမ်းများကို ထုတ်ပြန်ကျေညာသည့် နေ့ရက်မှ သုံးလအောက်မနည်းစေရ။

(၂) ထိုနည်းဥပဒေအားလုံးကို၊ ပြန်တမ်းတွင် ထုတ်ပြန်ကျေညာရမည့်ပြင်၊ ယင်းသို့ထုတ်ပြန်ကျေညာ သည့် နေ့ရက်ထက်နောက်မကျသော နေ့ရက်ကို မသတ်မှတ်လျှင်၊ ဤနည်းဥပဒေများသည်၊ ယင်းသို့ ထုတ်ပြန်ကျေညာသည့် နေ့ရက်ကစ၍ အာဏာတည်ရမည်။

ရေနံအလုပ်သမားများ ၏တာဝန်ဝတ်တရားများ။

၈၀။ ။ (၁) ကြော်ငြာထားသည့် ရေနံမြေတွင်၊ မည်သည့်ရေနံအလုပ်သမားမျှ-

(က) ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်သူများ၏ ကျန်းမာမှု၊ ဘေးရန်ကင်းရှင်းမှု၊ သို့တည်းမဟုတ် သက်သာချောင်ချိမှုများအတွက် စီမံထားသည့် ကိရိယာများ၊ သို့တည်းမဟုတ် အခြားအရာများကို တမင် အနှောင့်အယှက်မပြုရ၊ သို့တည်းမဟုတ် အလွဲအသုံးမပြုရ၊

(ခ) မိမိကိုယ်ကိုသော်၎င်း၊ အခြားသူများကိုသော်၎င်း၊ ဘေးအန္တရာယ်ဖြစ်ဘွယ်ရာ လက္ခဏာရှိသည့် အရာကို၊ အကြောင်းလုံလောက်စွာမရှိဘဲ တမင်မပြုလုပ်ရ၊ ထို့ပြင်

(ဂ) ကြော်ငြာထားသည့် ရေနံမြေတွင် အလုပ်လုပ်သည့် ရေနံအလုပ်သမားများ၏ ကျန်းမာမှု၊ သို့တည်းမဟုတ် ဘေးရန်ကင်းရှင်းမှုအတွက် ကြော်ငြာထားသည့် ရေနံမြေတွင် ထားရှိသည့် ကိရိယာ များကို၊ သို့တည်းမဟုတ် အခြားအရာကို အသုံးပြုခြင်းမှ တမင်မပျက်ကွက်ရ။

ဤအက်ဥပဒေအရ ဆောင်ရွက်သူတို့ကို ကာကွယ်ခြင်း။

၈၁။ ။ ဤအက်ဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် အားထုတ် သည့် ကိစ္စအတွက်မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

Myanmar Law Information System (MLIS)

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီသမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၃ ခု၊ တန်းခူးလဆုတ် ၂ ရက်။

(၁၉၅၁ ခု၊ ဧပြီလ ၂၃ ရက်။)

အမိန့်အရ၊

ခင်မောင်ဖြူ၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၄၄]

Myanmar Law Information System (MLIS)